# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


### အလွန်ကဲဆုံးချမ်းသာ

အနာရောဂါကင်းခြင်းသည် အလွန်ကဲဆုံး လာဘ်တည်း။ ရောင့်ရဲမှုသည် အလွန်ကဲဆုံး ဥစ္စာတည်း။ ချစ်ကျွမ်းဝင်သူသည် အလွန်ကဲဆုံး ဆွေမျိုးတည်း။ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။

သုခဝဂ်(ဓမ္မပဒ-၂၀၄)


၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက် ၂၀၂၄ ခုနှစ်၊ မေ ၃ ရက်၊ သောကြာနေ့ အတွဲ (၆၃)၊ အမှတ်(၁၈၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရန်ကုန်မြို့ ခရီးသွားပြည်သူများအဆင်ပြေစေရန် သင်္ကြန်ကာလအတွင်း အကြိုနေ့တွင် YBS အစီး ၁၃၀၀ ကျော်၊ ကျန်သင်္ကြန်ရက်များတွင် ၉၃၈ စီးဖြင့် ပုံမှန်ဈေးအတိုင်း ပြေးဆွဲပေးမည်



**ရန်ကုန် ဧပြီ ၄**

ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)မှ သင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများအဆင်ပြေစေရန် ရန်ကုန်မြို့တွင်း ပြေးဆွဲလျက်ရှိသော YBS ခရီးသည်တင်ယာဉ်များအား ပုံမှန်ဈေးအတိုင်းပြေးဆွဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)မှ သိရသည်။

ရန်ကုန်မြို့တွင်း ပြေးဆွဲလျက်ရှိသော YBS ယာဉ်လိုင်းများသည် နှစ်သစ်ကူးရုံးပိတ်ရက်မတိုင်မီတွင် ကုမ္ပဏီ ၂၁ ခု၊ ယာဉ်လိုင်း ၁၃၁ လိုင်းမှ ယာဉ်စီးရေ ၃၈၀၀ ခန့်ကို ပုံမှန်ထွက်ရှိပြေးဆွဲသွားမည်ဖြစ်ပြီး သင်္ကြန်အကြိုနေ့တွင် YBS ကုမ္ပဏီ ၁၆ ခု၊ YBS ယာဉ်လိုင်း ၆၁ လိုင်းမှ ယာဉ်အစီးရေ ၁၃၀၈ စီးဖြင့်လည်းကောင်း၊ သင်္ကြန်အကျနေ့၊ အကြတ်နေ့နှင့် အတက်နေ့တို့တွင် YBS ကုမ္ပဏီ ၁၆ ခု၊ YBS ယာဉ်လိုင်း ၅၇ လိုင်းမှ ယာဉ် ၉၃၈ စီး ပြေးဆွဲပေးမည်ဖြစ်သည်။

နှစ်ဆန်းတစ်ရက်နေ့ဖြစ်သည့် ဧပြီ ၁၇ ရက်နေ့တွင် YBS ကုမ္ပဏီ ၂၁ ခုမှ YBS ယာဉ်လိုင်းများအားလုံး ပြန်လည်ပြေးဆွဲကြမည်ဖြစ်ပြီး ယင်းနေ့တွင် Thet Yin Aung ကုမ္ပဏီစီမံမှုအောက်ရှိ YBS ၆၃ ယာဉ်လိုင်းမှ ယာဉ် ၁၀ စီးသည် အခမဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆



## ပြည်ပနိုင်ငံများ၏ ဝယ်လိုအားကြောင့် မန္တလေးဈေးကွက်တွင် မြေထောက်ပဲများ အရောင်းအဝယ်ကောင်း

**မန္တလေး ဧပြီ ၄**

ယခုနှစ် ပဲရာသီတွင် မန္တလေးပဲဈေးကွက်အတွင်း၌ မြေထောက်ပဲများ ပြည်ပအိမ်နီးချင်းနိုင်ငံများ၏ ဝယ်လိုအားကြောင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း မန္တလေး ပဲကုန်သည်များထံမှ သိရသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ○


**ယနေ့ ဖတ် စ ရာ**

**ကိုယ့်အတွက်လည်းချန် အများအတွက်လည်းကျန်ပါစေ** — ဆောင်းပါး — စာ ၆

**မိုးနှောင်းချည်မျှင်ရှည်ဝါများကို စက်မှုဇုန်၊ ချည်မျှင်စက်ရုံနှင့် ရက်ကန်းစက်ရုံများမှ ဝယ်ယူလျက်ရှိ** — စီးပွားရေးသတင်းများ — စာ ၁၇


### ထူးခြားသည့် နေ့အပူချိန်များ

၄-၄-၂၀၂၄

| | | | |
|---|---|---|---|
| ချောက်မြို့ | ၄၅ ဒီဂရီဆဲလ်စီးယပ် | တံတားဦး (လေကြောင်းမိုးလေဝသ) | ၄၃ ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦးမြို့ | ၄၄ ဒီဂရီဆဲလ်စီးယပ် | | |
| မင်းဘူးမြို့ | ၄၄ ဒီဂရီဆဲလ်စီးယပ် | မကွေးမြို့ | ၄၃ ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်းမြို့ | ၄၃ ဒီဂရီဆဲလ်စီးယပ် | တောင်တွင်းကြီးမြို့ | ၄၃ ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံမြို့ | ၄၃ ဒီဂရီဆဲလ်စီးယပ် | | |

မိုး/ဇလ

မြန်မာ့အလင်း

## အပူချိန်မြင့်မားမှုကာကွယ် ဥတုသပ္ပါယမျှတစွာနေထိုင်

အားအသင့်အတင့်ရှိသော အယ်နီညို၏ အကျိုးသက်ရောက်မှုနှင့်အတူ ယခုနှစ် နွေရာသီ၏ နေ့အပူချိန်များ မြင့်မားလျက်ရှိသည်။ ပြင်းထန်သည့် အပူချိန်သည် အပူလျှပ်ခြင်း၊ သတိလစ်မေ့မြောခြင်း၊ ရုတ်တရက်သေဆုံးခြင်းကဲ့သို့သော ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ မြင့်မားသည့်အပူချိန်ကို ကာလကြာရှည်ခံစားရပါက အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများဖြစ်ပွားခြင်း၊ နှလုံး၊ သွေးတိုး၊ ဆီးချိုနှင့် ကျောက်ကပ်ရောဂါများ ဖြစ်ပွားခြင်း၊ အရွယ်မတိုင်မီ သေဆုံးခြင်းတို့ ဖြစ်စေနိုင်သည်။

အပူဒဏ်ကို လူတိုင်းခံစားကြရခြင်းဖြစ်သော်လည်း သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါတစ်ခုခုရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများ၊ ကလေးငယ်များ၊ နေပူချိန် ပြင်ပတွင် အလုပ်လုပ်ကြရသူများ၊ ကာယလုပ်သားများ စသည်တို့မှာ အပူဒဏ်ကို ပို၍ ထိခိုက်ခံစားကြရသည်။ အပူဒဏ်ကြောင့် ခန္ဓာကိုယ်ပင်ပန်းနွမ်းနယ်လာသည့်အခါ ပျို့ခြင်း၊ ခေါင်းမူးခြင်း၊ ကြွက်တက်ခြင်းနှင့် ကြွက်သားများလျော့ခြင်း၊ ခေါင်းကိုက်ခြင်း၊ နုံးချည့်ခြင်း၊ ရေဆာခြင်း၊ ချွေးအလွန်အကျွံထွက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း စသည့်ရောဂါလက္ခဏာများ ခံစားရနိုင်သည်။ ရောဂါပိုမိုပြင်းထန် ဆိုးရွားလာပြီး အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke)ကို ခံစားရပါက အရေပြားပူ၍ ခြောက်သွေ့ခြင်း(သို့မဟုတ်) ချွေးအလွန်အကျွံထွက်ခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ သတိလစ်ခြင်း၊ တက်ခြင်း၊ ခန္ဓာကိုယ်အပူရှိန်မြင့်တက်ခြင်း ရောဂါလက္ခဏာများ ခံစားရနိုင်သည်။

နေ့အချိန်တွင် မြင့်မားသည့်အပူဒဏ်ကို ကာကွယ်နိုင်ရန်အတွက် နေ့လယ်နေ့ခင်းအချိန်များတွင် အရိပ်ရအေးမြပြီး လေဝင် လေထွက်ကောင်းသည့်နေရာများ၌ နားနေကြရန်လိုသည်။ အထူးသဖြင့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို စသည့်ရောဂါအခံရှိသူများ၊ ကိုယ်ဝန်ဆောင်များ စသည့်ထိခိုက်ခံစားလွယ်သူများ ယင်းသို့ အနားယူကြရမည်ဖြစ်သည်။ ပူပြင်းသည့်နေရောင်အောက်တွင် ကာယအလုပ်များ လုပ်ခြင်း၊ သွားလာလှုပ်ရှားခြင်းတို့မပြုရန်နှင့် မလုပ်မဖြစ် လုပ်ကြရပါကလည်း အရိပ်လုံလောက်စွာရရှိရန်နှင့် အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းတို့ကို မကြာမကြာ ပြုလုပ်ရန်လိုသည်။ ထို့ပြင် နေပူမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်း၊ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီကြား အပူချိန်မြင့်မားနေစဉ် လွင်တီးခေါင်၊ မြစ်ကမ်းနားတို့၌ ရေချိုး အဝတ်လျှော်ခြင်းတို့ကို မပြုလုပ်ရန်၊ အရက်သေစာသောက်စားမှု ရှောင်ကြဉ်ရန်၊ ရေနှင့်ဓာတ်ဆား လုံလောက်စွာသောက်သုံးရန် သက်ဆိုင်ရာက လမ်းညွှန်အကြံပြုထားသည်။

အပူဒဏ်အန္တရာယ်ခံစားနေရသည့် လူနာကို အရေးပေါ်ရှေးဦးပြုစုရာတွင် အရိပ်ရအေးမြသော နေရာ၊ ပန်ကာ/အဲကွန်းရှိသောနေရာတွင် လူနာကို ရွှေ့ပြောင်းထားရှိရန်၊ လူနာကို ဆေးရုံ/ဆေးခန်းသို့ အမြန်ဆုံးပို့ဆောင်ရန်၊ ဆေးရုံ/ဆေးခန်းသို့ ပို့ဆောင်နေစဉ် လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေးပြီး လူနာကို ပက်လက်ထားရန်၊ လူနာ၏အဝတ်အစားများကို ချွတ်ပေးရန်၊ လူနာကောင်းစွာသတိရနေပါက ရေအေးအေး တိုက်ပေးရန်၊ လူနာ၏ ကိုယ်ပေါ်သို့ ရေအေးအေးဖျန်းပေးရန်၊ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့ကို ရေအေးအေး/ရေခဲရေစိမ်ထားသော ရေဖတ်အဝတ်များဖြင့် အုပ်ပေးရန်၊ လူနာကို ပန်ကာလေမှုတ်ပေးရန်/ယပ်ခတ်ပေးရန်တို့ကို ပြုလုပ်ပေးကြရမည်ဖြစ်သည်။

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမေ့ခြင်း၊ သတိလစ်ခြင်းတို့သည် အသက်အန္တရာယ် ထိခိုက်နိုင်သည့်အလျောက် အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာရှိကြရန် လိုသည်။ အရေးပေါ်အခြေအနေများ တွေ့ရှိပါကလည်း နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းများသို့ ချက်ချင်းပို့ဆောင်ကြရန်လိုသည်။အပူဒဏ်ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဥတုသပ္ပါယမျှတစွာနေထိုင်ကာ အသက်ကိုဉာဏ်စောင့်လျက် မိမိနှင့်တကွ မိသားစုတို့ကိုပါ စောင့်ရှောက်နိုင်ကြပါစေကြောင်း။ ။

## အစိုးရဓမ္မာစရိယစာမေးပွဲ အဌမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ ဒုတိယနေ့ ကျင်းပ

နေပြည်တော် မေ ၄

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ် ကျင်းပသော ၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၇ ဌာန၌ အဌမနေ့အဖြစ်လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို စာဖြေဌာန ၂၁၆ ဌာန၌ ဒုတိယနေ့အဖြစ်လည်းကောင်း ဖြေဆိုကြသည်။

အစိုးရဓမ္မာစရိယစာမေးပွဲ အဌမနေ့တွင် စာရင်းသွင်း ၄၈၇ ပါး/ဦး အနက် ၂၅၈ ပါး/ဦး ဖြေဆိုကြသဖြင့် ၅၂ ဒသမ ၉၈ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) ဒုတိယနေ့ကို စာရင်းသွင်း ၆၀၀၉၆ ပါး/ဦး အနက် ၄၈၆၆၁ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၀ ဒသမ ၉၇ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရှိရသည်။ **သတင်းစဉ်**

## မြဝတီမြို့၌ အစိုးရပါဠိပထမပြန်စာမေးပွဲတွင် သံဃာတော်နှင့် သီလရှင် ၁၆၂ ပါး ဝင်ရောက်ဖြေဆို

မြဝတီ မေ ၄

၂၀၂၄ ခုနှစ် အစိုးရပါဠိ ပထမပြန်စာမေးပွဲကို မေ ၃ ရက်က မြဝတီမြို့ သမိုင်းဝင်ဆံတော်ရှင် ရွှေမြင်းဝန်စေတီတော်မြတ်ကြီး၏ သာသနာ့သုခကာရီဓမ္မဗိမာန်တော်၌ ကျင်းပသည်။

အဆိုပါစာမေးပွဲကို မြဝတီမြို့နယ်အတွင်းရှိ စာသင်တိုက်များမှ သံဃာတော် ၁၁၂ ပါးနှင့် သီလရှင်အပါး ၅၀ တို့က မေ ၃ ရက်မှ ၉ ရက်အထိ မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ ဝင်ရောက်ဖြေဆိုလျက်ရှိရာ ဆရာတော်ကြီးများ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် ခရိုင်သာသနာရေး ဦးစီးဌာနမှူး ဦးမောင်ဝင်းတို့က လိုအပ်သည်များ ဆောင်ရွက်ပေးသည်။ **ဇာဖြူဝင်း (ပြန်/ဆက်)**

## တေးသီချင်းဗီဒီယိုများ ရိုက်ကူးထုတ်လွှင့်ပြသမှုများနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရန် အသိပေးကြေညာခြင်း

တေးသီချင်းဗီဒီယိုများကို နည်းလမ်းမျိုးစုံဖြင့် ရိုက်ကူးထုတ်လွှင့်ပြသခြင်းများ ဆောင်ရွက်ခြင်းမပြုမီ ရုပ်ရှင်ဥပဒေ၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေတို့အရ ရုပ်ရှင်ဆင်ဆာနှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့သို့ တင်ပြပြီး စစ်ဆေးခွင့်ပြုချက် ရယူဆောင်ရွက်သွားရမည် ဖြစ်ကြောင်းကို ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။

ယခုအခါ တေးသီချင်းဗီဒီယိုများကို ထုတ်လုပ်သူများက ၎င်းတို့၏ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ဆောင်ရွက်လိုကြောင်း တင်ပြမှုများရှိသည့်အတွက် အောက်ပါဆင်ဆာမူဝါဒများအား ထိခိုက်စေနိုင်ခြင်း မရှိစေရေး မိမိတို့ကိုယ်တိုင် တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် စိစစ်ပြီး ရိုက်ကူးထုတ်လွှင့်ပြသမှုများ ဆောင်ရွက်နိုင်ကြောင်းနှင့် တင်ပြခွင့်ပြုချက်ရယူပြီး ဆောင်ရွက်လိုပါကလည်း အမြန်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) နိုင်ငံရေး၊
(ခ) ဘာသာရေး၊
(ဂ) တိုင်းရင်းသားချစ်ကြည်ရေး၊
(ဃ) အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းရေး၊
(င) ရက်စက်ကြမ်းကြုတ်မှုများ ပါဝင်မှုမရှိစေရေး၊
(စ) ကာမရာဂလှုံ့ဆော်မှုများ ပါဝင်မှုမရှိစေရေး။

သို့ဖြစ်ပါ၍ တေးသီချင်းဗီဒီယိုများကို နည်းလမ်းမျိုးစုံအသုံးပြု၍ ရိုက်ကူးထုတ်လွှင့်ပြသသူများအနေဖြင့် အထက်ပါ ဆင်ဆာမူဝါဒများကို လိုက်နာခြင်းမရှိဘဲ ရိုက်ကူးထုတ်လွှင့်ပြသမှုများ ဆောင်ရွက်ပါက ရိုက်ကူးသူ ဒါရိုက်တာအပါအဝင် ပါဝင်သရုပ်ဆောင်သူများ၊ ထုတ်လွှင့်ပြသသူများ အားလုံးကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## အခမဲ့ သုံးစွဲခွင့်ပြုပါရန် မူပိုင်ခွင့်ရှိသူများထံ မေတ္တာရပ်ခံပန်ကြားခြင်း

မြန်မာတစ်မျိုးသားလုံး အလေးအမြတ်ထားပြီး ပျော်ရွှင်စွာဆင်နွှဲကြသည့် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကာလကို ယခင်နှစ်များနည်းတူ ၂၀၂၄ ခုနှစ်တွင်လည်း မြန်မာ့ရိုးရာ အစဉ်အလာများနှင့်အညီ ဆင်နွှဲသွားမည်ဖြစ်ပါသည်။ ထိုသို့ဆင်နွှဲရာတွင် ဖျော်ဖြေမှုအနေဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ/ ဝန်ကြီးဌာနများအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ဌာနဆိုင်ရာများသည် မဟာသင်္ကြန်တေးသီချင်းများကို ဖျော်ဖြေသီဆိုမှုများ၊ တင်ဆက်ကပြမှုများကို ပြုလုပ်သွားမည်ဖြစ်ပါသည်။ ထိုသို့ နိုင်ငံတော်အစိုးရ ကိုယ်စားပြုလုပ်သည့် မြို့တော်ဝန်မဏ္ဍပ်များနှင့် နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် လမ်းလျှောက်သင်္ကြန်မဏ္ဍပ်များတွင် သင်္ကြန်နှင့် သက်ဆိုင်သော တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက အများပြည်သူသို့ အခမဲ့ထုတ်လွှင့်ပြသသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ စီးပွားရေးအကျိုးအမြတ်အတွက်မဟုတ်ဘဲ အများပြည်သူဖျော်ဖြေရေးအတွက် ရည်ရွယ်ဆောင်ရွက်သော အထက်ပါနေရာများ၌ သီဆိုဖျော်ဖြေခြင်း၊ ထုတ်လွှင့်ဖော်ပြခြင်းများတွင် ပါဝင်သည့် တေးသီချင်းများအား မေတ္တာဖြင့် အခမဲ့သုံးစွဲခွင့်ပြုနိုင်ပါရန် မူပိုင်ခွင့်ရှိသည့် ပညာရှင်ကြီးများကို လေးစားစွာမေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

ထိုသို့ အသုံးပြုခွင့်ပေးသည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက သက်ဆိုင်သည့် မူပိုင်ခွင့်ရှိသူ ပုဂ္ဂိုလ်တစ်ဦးချင်းစီအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ပြည်သူများသို့ အသိပေးကြေညာချက်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အီလက်ထရောနစ်မှတ်ပုံတင်စနစ် ဦးစီးဌာနသည် နိုင်ငံအတွင်းနေထိုင်သူများမှ အသက် (၁၀) နှစ်အထက်ရှိသူများကို electronic စနစ်ဖြင့် ကိုယ်ရေးအချက်အလက်များ (Biographic Data) နှင့် ဇီဝအချက်အလက်များ (Biometric Data) တို့ကို ကောက်ယူမှတ်ပုံတင်၍ ဂဏန်း (၁၀) လုံး ပါရှိသည့် UID (Unique Identity Number) သတ်မှတ်ထုတ်ပေးလျက်ရှိသည်။ ယင်းသို့ Biographic/ Biometric အချက်အလက်များ မှတ်ပုံတင်ရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့မဟုတ်) နိုင်ငံတော်အစိုးရမှ တရားဝင်ထုတ်ပေးထားသော အထောက်အထားလက်မှတ်တစ်ခုခုအား တစ်ပါတည်းယူဆောင်လာရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံသားများအနေဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သို့ နယ်စပ်ဖြတ်ကျော် ဝင်/ထွက် သွားလာရာတွင် သတ်မှတ်ထားသည့် နယ်စပ်ဝင်/ထွက်ဂိတ်များမှ TBP, BP လက်မှတ်များဖြင့် တရားဝင် ဝင်/ထွက် သွားလာခွင့် ခွင့်ပြုပေးလျက်ရှိပါသည်။ အဆိုပါ နယ်စပ်ဝင်/ထွက်ဂိတ်များမှ ဝင်/ ထွက်ခွင့်ပြုရာတွင် နယ်စပ် အဝင်/ အထွက် လူဦးရေစာရင်းဇယား တိကျစွာရရှိနိုင်ရေး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအတုများနှင့် အသုံးမပြုသည့်ကတ်များအား အသုံးပြု၍ သွားလာခြင်းများကို ထိန်းချုပ်နိုင်ရေးတို့အတွက် UID လက်မှတ်ပါမှသာ TBP, BP လက်မှတ်များ ထုတ်ပေးမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နယ်စပ်ဝင်/ထွက်ဂိတ်များသို့ TBP, BP လက်မှတ် လာရောက်လျှောက်ထားသူ ပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်အတူ UID စာရွက်ပါတစ်ပါတည်း ယူဆောင်လာကြပါရန်နှင့် (၁-၅-၂၀၂၄) ရက်နေ့မှစတင်ပြီး UID စာရွက်ပါမှသာ TBP, BP လက်မှတ်များ ထုတ်ပေး၍ နယ်စပ်ဖြတ်သန်းခွင့်ပြုမည်ဖြစ်ပါကြောင်း ပြည်သူများသို့ ကြိုတင်အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ကုလသမဂ္ဂဘေးအန္တရာယ် ကင်းရှင်းရေးနှင့်လုံခြုံရေးဌာန (United Nations Department of Safety and Security-UNDSS) ၏ အကြီးအကဲ Under-Secretary-General Mr. Gilles Michaud ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ကုလသမဂ္ဂ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လုံခြုံရေးဌာန(United Nations Department of Safety and Security–UNDSS) ၏ အကြီးအကဲ Under–Secretary–General Mr. Gilles Michaud ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိရုံးအမှတ်(၁၀) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် မြန်မာနိုင်ငံအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ကုလသမဂ္ဂဝန်ထမ်းများ၏ ဘေးကင်းလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ ကုလသမဂ္ဂဝန်ထမ်းများ ခရီးသွားလာခွင့်နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဌာနတို့အကြား ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။



တွေ့ဆုံပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နိုင်ငံဖြတ်ကျော် မှုခင်းဌာနကြီး၊ ဌာနကြီးမှူး ယာယီရဲမှူးချုပ် ကျော်ဇေယျ ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး/လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဌာန၊ လုံခြုံရေးအကြံပေးအရာရှိ Mr. Marco Smoliner တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်



**နေပြည်တော် ဧပြီ ၄**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် စွမ်းအင်ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်၊ ဒုတိယဝန်ကြီးများနှင့် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ ထို့နောက် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်းသုံးရာ့လေးဆယ်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ် သုံးဆယ့်ငါးသိန်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က တိုင်းမှူးထံ အသီးသီး ဂုဏ်ပြုပေးအပ်သည်။

ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။ အဆိုပါ စားသောက်ဖွယ်ရာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

◆ *ရှေ့ဖုံးမှ*

"ကျွန်တော်တို့ မြန်မာနှစ်သစ်ကူးပွဲတော် သင်္ကြန်ကာလအတွင်းမှာ ခရီးသွားပြည်သူတွေ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် YBS ယာဉ်တွေ စီစဉ်ဆောင်ရွက်ထားပါတယ်။ ၁၃ ရက်နေ့ သင်္ကြန်အကြိုနေ့မှာ ယာဉ်အစီးရေ ၁၃၀၀ ကျော်၊ ၁၄၊ ၁၅၊ ၁၆ ရက်ထိ ယာဉ်အစီးရေ ၉၃၈ စီး ၁၆ ရက်နေ့ထိ ပြေးဆွဲပေးမှာ ဖြစ်ပါတယ်။ နှစ်ဆန်းတစ်ရက်နေ့မှာတော့ YBS ယာဉ်တွေအားလုံး ပြန်လည်ပြေးဆွဲပေးမှာပါ။ သင်္ကြန်ကာလမှာ ခရီးသွားပြည်သူတွေ ယာဉ်အန္တရာယ်ကင်းကင်းနဲ့ သွားလာနိုင်ဖို့အတွက် ယာဉ်မောင်းတွေအနေနဲ့ မူးယစ်သောက်စားပြီးတော့ မမောင်းဖို့၊ ယာဉ်စီးခကိုပုံမှန်အတိုင်းပဲ ကောက်ဖို့ YBS ယာဉ်ကုမ္ပဏီများကိုလည်း ကျွန်တော်တို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC) တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျင့်မန်က ပြောသည်။

သင်္ကြန်ကာလအတွင်း၌ ယာဉ်စီးခ ပိုမိုတောင်းခံခြင်းမပြုရန် သက်ဆိုင်ရာမှ ညွှန်ကြားထားသော်လည်း ယာဉ်စီးခပိုတောင်းမှုများ ရှိကြောင်းနှင့် တိုင်ကြားမှုများလည်းရှိကြောင်း၊ ၂၀၂၃ ခုနှစ် သင်္ကြန်ကာလအတွင်း၌ ယာဉ်စီးခပိုမိုတောင်းခံခြင်းကြောင့် တိုင်ကြားမှု ၁၄ မှု ရှိခဲ့ပြီး တိုင်ကြားသည့်အမှုများအပေါ် စိစစ်ကာ ဂိတ်တစ်လပိတ်သည်အထိ ယာဉ်များကို အရေးယူခဲ့ကြောင်း သိရသည်။ **အာကာစိုး**

# မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို နိုင်ငံတစ်ဝန်းတွင် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၄**

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို နိုင်ငံတစ်ဝန်းတွင် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ရေကစားမဏ္ဍပ်များ စတင်ဆောက်လုပ်ပြင်ဆင်လျက်ရှိကြသည်။

နေပြည်တော်တွင် မြို့တော်ဝန်မဏ္ဍပ်အပြင် လမ်းလျှောက်သင်္ကြန်ကိုလည်း ယခင်နှစ်ကထက် ပိုမိုစည်ကားသိုက်မြိုက်အောင် ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ဝန်ကြီးဌာန ရေကစားမဏ္ဍပ်များ၊ ဈေးဆိုင်တန်းများ၊ ရေသွယ်တန်းမှုများ၊ ရေစီးရေလာ ကောင်းမွန်ရေးနှင့် လျှပ်စစ်မီးရရှိရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့်လည်း "ခါသင်္ကြန်အဆိုအက" အစီအစဉ်ကို ယခင်နှစ်များနည်းတူ တင်ဆက်နိုင်ရေး သင်္ကြန်ယိမ်းအဖွဲ့များဖြင့် ရိုက်ကူးရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Audio–torium ခန်းမတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ သင်္ကြန်ယိမ်းအဖွဲ့များသည် သင်္ကြန်တေးသီချင်းများဖြင့် ရိုက်ကူးရေး ပြုလုပ်ခဲ့ကြပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်သို့လည်း တစ်ဆက်တည်း ဝင်ရောက်ကြည့်ရှုလေ့လာကြသည်။

ထို့အတူ ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား Studio တွင်လည်း မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ယိမ်းအဖွဲ့က သင်္ကြန်တေးသီချင်းဖြင့် ရိုက်ကူးရေး ဆောင်ရွက်သည်။

ထို့ပြင် နေပြည်တော်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ယိမ်းအဖွဲ့များသည် ၎င်းတို့၏ ဌာနများတွင် သင်္ကြန်တေးသီချင်းနှင့် အကများဖြင့် ဇာတ်တိုက် လေ့ကျင့်လျက်ရှိကြသည်။

**သတင်းစဉ်**

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

# နိုင်ငံတစ်ဝန်း ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

နိုင်ငံတော်အစိုးရက ပြည်သူများ အသိပညာ ဗဟုသုတတိုးပွားစေရေးနှင့် စာအုပ်စာစောင်များ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေရန် နိုင်ငံတစ်ဝန်း ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် ရန်ပုံငွေနှင့် စာအုပ်စာစောင်များ ထောက်ပံ့ကူညီပေးလျက်ရှိသကဲ့သို့ စေတနာရှင် အလှူရှင်များကလည်း ပြည်သူများ အလွယ်တကူ စာပေလေ့လာဖတ်ရှုနိုင်စေရေးနှင့်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလှူငွေနှင့်စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းလျက်ရှိပါသည်။

နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ စုပေါင်းပေးအပ်လှူဒါန်းပွဲကို မကြာမီအချိန်အတွင်း နေပြည်တော်၌ ကျင်းပပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်စေရေးအတွက် "ပညာဒါန" အလှူအဖြစ် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည် -

❖ ညွှန်ကြားရေးမှူး (ထုတ်လုပ်)
 ပြန်/ဆက် ဦးစီးဌာန
 ဖုန်း ၀၁ ၃၇၁၃၄၂ / ၀၆၇၃၄၁၂၃၇၁ / ၀၉၄၂၀၁၄၆၇၁၅
❖ ညွှန်ကြားရေးမှူး (ပြန်ဆက်)
 ပြန်/ဆက် ဦးစီးဌာန
 ဖုန်း ၀၆၇၃၄၁၂၀၆၄
❖ တိုင်းဒေသကြီး / ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြန်/ဆက်ဦးစီးဌာနရုံးများ

ပြန်ကြားရေးဝန်ကြီးဌာန

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဌာန၏ အကြီးအကဲ Under-Secretary-General Mr. Gilles Michaud ကို လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၄**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဌာန (UN Department of Safety and Security-UNDSS) ၏ အကြီးအကဲ Under-Secretary-General Mr. Gilles Michaud ကို ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် Under-Secretary-General Mr. Gilles Michaud က ကုလသမဂ္ဂဝန်ထမ်းများ၏ ဘေးကင်းလုံခြုံရေးနှင့် မြန်မာနိုင်ငံ၌ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ လုပ်ငန်းများ ဆောင်ရွက်ခွင့်တို့နှင့် ပတ်သက်၍ အဓိကဆွေးနွေးသည်။ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂဝန်ထမ်းများ၏ ဘေးကင်းလုံခြုံမှုနှင့် ပတ်သက်၍ အလေးပေးဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုပ်ငန်းများဆောင်ရွက်ရန်အတွက် သွားလာခွင့်နှင့်စပ်လျဉ်း၍ အတတ်နိုင်ဆုံး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ပြန်လည်ဆွေးနွေးသည်။ ထို့အပြင် နိုင်ငံဖြတ်ကျော်မှုခင်းကိစ္စရပ်များနှင့် ပတ်သက်၍လည်း အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။



**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ယာယီဌာနေ ညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီ ညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi နှင့် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂလုံခြုံရေးအကြံပေး Mr. Marco Smoliner တို့ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

○ ***ရွှေဖုံးမှ***

အဆိုပါ မြေထောက်ပဲသည် လက်ရှိအချိန်တွင် မန္တလေးဈေးကွက်အတွင်းသို့ ဗန်းမော်၊ ကသာ၊ ထီးချိုင့်၊ ရွှေကူ၊ ကလေး၊ ကလေးဝ၊ ဂန့်ဂေါစသည့် ဒေသတို့မှ ထွက်ရှိဝင်ရောက်လာကြောင်း၊ ပြီးခဲ့သည့်နှစ် ကာလတူက မြေထောက်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀၀ ဈေးဖြင့် အဖွင့်ဈေးစခဲ့သော်လည်း၊ ယခုနှစ်တွင်အရောင်းအဝယ်များ သွက်လက်ကောင်းမွန်ကာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀ နှုန်းအထိ ဈေးနှုန်းမြင့်တက်နေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

"ဈေးကွက်အတွင်းမှာ မြေထောက်ပဲတွေ လှိုင်လှိုင်ဝင်ရောက်နေပြီး အရောင်းအဝယ်တွေကောင်းနေပါတယ်။ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ တရုတ်နဲ့ အိန္ဒိယနိုင်ငံတွေက ဝယ်ယူနေတာကြောင့် ဈေးနှုန်းတွေ မြင့်တက်နေတာပါ။ ဒီနှစ်က အထွက်နှုန်းလည်းကောင်း၊ ဈေးကောင်းလည်း ရရှိနေတာကြောင့် ဘက်စုံကနေ အခြေအနေကောင်းတွေနဲ့ မြေထောက်ပဲစိုက်တောင်သူတွေ အဆင်ပြေနေကြပါတယ်။ ဒီအချိန် မြေထောက်ပဲက လှိုင်လှိုင်ပေါ်တဲ့ရာသီပါ။ နှစ်စဉ် မြေထောက်ပဲကို ဥရောပနိုင်ငံ၊ အရှေ့အလယ်ပိုင်း နိုင်ငံတွေကနေ ဝယ်ယူမှုတွေကိုတွေ့ရပါတယ်။ ဝယ်ယူတဲ့ဖောက်သည်တွေလည်း တစ်နှစ်ထက်တစ်နှစ် များပြားလာတဲ့အတွက် ဈေးကောင်းများ ရရှိနေပါတယ်"ဟု ၎င်းကပြောသည်။

အဆိုပါ မြေထောက်ပဲသည် ဆောင်းသီးနှံအဖြစ် တစ်နှစ်လျှင် တစ်ရာသီသာ စိုက်ပျိုးထွက်ရှိကြောင်း၊ ယင်းသီးနှံသည် ပူပြင်းသည့်ရာသီနှင့် မိုးများသောရာသီများကို မကြိုက်၍ နေရာဒေသမရွေး စိုက်ပျိုး၍မရနိုင်ကြောင်း၊ ထိုသီးနှံကို ဧရာဝတီမြစ်ဝှမ်းတစ်လျှောက်ရှိ ထီးချိုင့်၊ ကသာ၊ ဗန်းမော်၊ ရွှေကူနယ်များနှင့် ချင်းတွင်းမြစ်ဝှမ်းတစ်လျှောက်ရှိ ကလေး၊ ကလေးဝ၊ ဂန့်ဂေါဒေသများတွင်သာ စိုက်ပျိုးဖြစ်ထွန်းထွက်ရှိကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဧပြီ ၄**

မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် သီရိရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုနှင့် ကော်မရှင်အဖွဲ့ဝင်များ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြု ဆောင်ရွက်ရသည့်ရည်ရွယ်ချက်များ၊ ရရှိနိုင်မည့် အကျိုးကျေးဇူးများကို လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများက စမ်းသပ်မဲပေးခြင်း လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေး ပြောကြားကြသည်။

ထို့နောက် မဲရုံတစ်ရုံအတွင်း မဲပေးမည့်ပုံစံများအတိုင်း သရုပ်ပြခြင်းကျင်း၍ တက်ရောက်လာကြသူများက လက်တွေ့စမ်းသပ်မဲပေးကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းသရုပ်ပြမှုကို ကြည့်ရှုစစ်ဆေးပြီး MEVM မဲပေးစက်အသုံးပြုဆောင်ရွက်ခြင်း၏အားသာချက်များ၊ အကျိုးကျေးဇူးများ၊ မြန်မာပညာရှင်များ တီထွင်ထုတ်လုပ်ထားသော MEVM စက်၏ အဆင့်မီဆောင်ရွက်နိုင်မှုများနှင့် ဆောင်ရွက်ရန်ရှိသည်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးနှင့် ဦးမျိုးလှိုင်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများတက်ရောက်၍ မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# သံနှင့်သံမဏိစက်ရုံစီမံကိန်းနှစ်ခု အောင်မြင်စွာဆောင်ရွက်နိုင်ရေးနှင့် သွင်းအားစုများ စဉ်ဆက်မပြတ်ရရှိရေးတို့အတွက် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဧပြီ ၄**

သံနှင့်သံမဏိစက်ရုံစီမံကိန်း နှစ်ခု အောင်မြင်စွာဆောင်ရွက်နိုင်ရေးနှင့် သွင်းအားစုများ စဉ်ဆက်မပြတ်ရရှိရေးတို့အတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဦးညဏ်ထွန်း၊ ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ ဦးမျိုးသန့်၊ ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ) စီမံကိန်းနှင့် အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းလုပ်ငန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်မှစ၍ ပြန်လည်ဆောင်ရွက်ခဲ့ကြောင်း၊ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) စီမံကိန်းကို ၂၀၂၃ ခုနှစ် မတ် ၂၄ ရက်မှစ၍ လည်ပတ်ခဲ့ရာ ၂၀၂၄ ခုနှစ် မတ်လအထိ ၂၃၁ ကြိမ် သံရည်ကျိုခဲ့ပြီး လေးထောင့်ပုံ သံမဏိချောင်းစုစုပေါင်းတန်ချိန် ၁၁၈၂၉ ဒသမ ၈၃ တန် ထုတ်လုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းအဆင့်(၂) တွင် ပါဝင်သည့် Hot Strip Mill အလုပ်ရုံအား ပြီးစီးအောင် ဆက်လက်အကောင်အထည် ဖော်ခြင်းနှင့် သံရည်ကျိုအလုပ်ရုံအမှတ်(၂)အား စစ်ဆေးပြုပြင်မှု လုပ်ငန်းများကို ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းပြီးမြောက်အောင်မြင်ရေးအတွက် နိုင်ငံတော်မှ တွန်းအားပေးဆောင်ရွက်လျက်ရှိသည့်အတွက် ပြည်တွင်းပညာရှင်များဖြင့် ဆောင်ရွက်၍ရသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ စီမံကိန်းအတွက် လိုအပ်သောလျှပ်စစ်အရင်းအမြစ် နှစ်ခုရရှိရေး၊ အခြေခံအဆောက်အအုံများ ဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေး၊ ရေရရှိရေးတို့အတွက် စီမံဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ သံမဏိစက်ရုံစီမံကိန်းများသည် နိုင်ငံအတွက် အကျိုးရှိသည့်စီမံကိန်းများဖြစ်သဖြင့် စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာပြီးပြတ်အောင် ဆောင်ရွက်နိုင်ရန် စက်မှုဝန်ကြီးဌာန တစ်ခုတည်း၏ အားဖြင့်သာ ဆောင်ရွက်၍မရဘဲ ဆက်စပ်ဝန်ကြီးဌာနများ၏ ပံ့ပိုးကူညီမှုများနှင့် ဆောင်ရွက်မှသာ ပြီးပြတ်အောင်မြင်မည်ဖြစ်၍ ယခုအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဆက်စပ်ဝန်ကြီးဌာနများ အနေဖြင့် စက်မှုဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် သံမဏိစက်ရုံစီမံကိန်း နှစ်ခု အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးနှင့် သွင်းအားစုများ စဉ်ဆက်မပြတ်ရရှိရေးတို့အတွက် ဆောင်ရွက်ရာတွင် တတ်နိုင်သမျှ ပါဝင်ကူညီပံ့ပိုး ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)နှင့် အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)တို့နှင့် ပတ်သက်၍ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆက်လက် ဆောင်ရွက်မည့်အစီအမံများကို လည်းကောင်း၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး က ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေ၊ သွင်းအားစုများလိုအပ်မှု၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် Project Implementation Agency (PIA) နှင့် စီမံကိန်း၏ Finance & Administration, Procurement & Contracts, Environment & Social Safe-guard ပိုင်းတို့ကို တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်မည့် Project Implementation Unit (PIU) ဖွဲ့စည်းမည့်အစီအစဉ်တို့ကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်က အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ) နှင့် အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းတို့ကို ဝန်ကြီးဌာနအဆင့် တာဝန်ယူစီမံခန့်ခွဲဆောင်ရွက်မည့် စီမံကိန်းကြီးကြပ်မှုကော်မတီ (Project Executing Agency – PEA) များ ဖွဲ့စည်းမည့် အစီအစဉ်တို့ကို လည်းကောင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)အတွက် လိုအပ်သောသံသတ္တုရိုင်း၊ ထုံးကျောက်၊ ဒိုလိုမိုက်တို့ ထုတ်လုပ်သုံးစွဲနိုင်ရေးအတွက် ခွင့်ပြုပေးပြီးဖြစ်ကြောင်း၊ အဆိုပါ စက်မှုကုန်ကြမ်းများထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် မိုင်းဒီဇိုင်း စနစ်တကျ ရေးဆွဲဆောင်ရွက်သွားရန် လိုအပ်ပြီး သွင်းအားစုများကိုလည်း ပြည့်စုံအောင်ဖြည့်ဆည်းရန် အရေးကြီးကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အတွက် အရေးကြီးသည့် သံ၊ သံမဏိထုတ်လုပ်ရေး လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အစွမ်းကုန်ပူးပေါင်းဆောင်ရွက် ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ) နှင့် အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) တို့ရှိ လျှပ်စစ်ဓာတ်အားခွဲရုံများအား လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ယူရမည်ဆိုပါက ဖွဲ့စည်းပုံပြင်ဆင်ရေးဆွဲနိုင်ရေးအတွက် ကြိုတင်ညှိနှိုင်းပေးစေလိုကြောင်း၊ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) စတင်လည်ပတ်မည်ဆိုပါက မတူညီသော အရင်းအမြစ် နှစ်ခုမှ လျှပ်စစ်ဓာတ်အားပို့လွှတ်နိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) အနေဖြင့် သံစိမ်းထုတ်လုပ်သည့် နည်းပညာများသည် မြင့်မားသဖြင့် အောင်မြင်အောင်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စက်ရုံများအတွက် လိုအပ်သည့် သဘာဝဓာတ်ငွေ့များကို အမှန်တကယ်အသုံးပြုနိုင်မည့် ပမာဏနှင့် နီးစပ်စွာခန့်မှန်း၍ တောင်းခံစေလိုကြောင်း၊ သို့မှသာ အခြားလိုအပ်သည့် နေရာများသို့ ပိုမိုပို့လွှတ်နိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ယခု အကောင်အထည်ဖော်ဆောင်ရွက်နေသည့် သံ၊ သံမဏိ စီမံကိန်းလုပ်ငန်းများသည် စွန့်စားဆောင်ရွက်ရသည့် လုပ်ငန်းများ များစွာရှိပါကြောင်း၊ သံ၊ သံမဏိ စီမံကိန်းလုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အပြည့်အဝပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဆက်စပ်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်း၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးတို့က အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ)နှင့် အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) တို့ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အခြေအနေ၊ ဆောင်ရွက်သင့်သည့် အချက်များ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်ရေးအတွက် သွင်းအားစုများ အချိန်မီရရှိရေး ဆောင်ရွက်ပေးမည့်အခြေအနေတို့ကို အသေးစိတ်တင်ပြဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများက သံမဏိစက်ရုံစီမံကိန်းများ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များ၊ သွင်းအားစုများ အချိန်မီရရှိရေးကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးညှိနှိုင်းကြပြီး စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။ လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။

# ကိုယ့်အတွက်လည်းချန် အများအတွက်လည်းကျန်ပါစေ

— — — — — မိုးကေနိုင် — — — — —

**လူ့အဖွဲ့အစည်းမှာ တရားမဝင်သောလုပ်ငန်း၊ ခွင့်မပြုသောလုပ်ငန်းဟူသည် မရှိစကောင်းပါ။ တရားမဝင်သည်ကို တရားဝင်အောင်လုပ်ရမည်သာဖြစ်သည်။ အထူးသဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် မြန်မာ့ဓလေ့စရိုက်နယ်ပယ်တွင်ဖြစ်သည်။ မြန်မာ့လူ့အဖွဲ့အစည်းမှာ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်ကို မလေးမစားပျက်ရယ်ပြု ဖောက်ဖျက်သော ကျူးလွန်မှုများကြောင့် မြန်မာတို့၏တန်ဖိုး ကျဆင်းရသည့်မြင်ကွင်းများ တွေ့မြင်နေရသည်။**

အထူးသဖြင့် အွန်လိုင်းရုပ်ရှင် ဗီဒီယိုနယ်ပယ်မှာဖြစ်သည်။ ရုပ်ရှင်ရုံမှာ ပြသနေသည့် ရုပ်ရှင်ကားများက ဆင်ဆာနှင့်ဆိုသော်လည်း ဆိုရှယ်မီဒီယာမှတစ်ဆင့် application၊ facebook၊ telegram၊ YouTube၊ viber အွန်လိုင်းများမှ ချန်နယ်အမျိုးမျိုးဖြင့် ထုတ်လွှင့်ပြသနေသည့် အချို့ရုပ်ရှင်ဗီဒီယိုများကတော့ ယဉ်ကျေးသည့်လူ့အဖွဲ့အစည်းနှင့် မည်သို့မှ မဆီလျော်၊ လက်မခံနိုင် မသင့်လျော်သော ပြကွင်းပြကွက်များဖြစ်နေသည်ကို လူယဉ်ကျေးအများစုက သတိပြုမိလာကြပြီဖြစ်သည်။

**အမိန့်သုံးရပ် လုပ်ငန်းသုံးမျိုး**

ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြုပြီး ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်း လုပ်ကိုင်ခွင့် အမိန့်သုံးခုကို ပြန်ကြားရေးဝန်ကြီးဌာနက ဥပဒေများနှင့်အညီ ထုတ်ပြန်လိုက်ခြင်းဖြင့် ဆိုးဆိုးရွားရွား ဖြစ်လာနေသည့် မြန်မာ့ယဉ်ကျေးမှုကို စည်းကမ်းများနှင့်အညီ ထိန်းချုပ်၍ ထိုအခြေအနေဆိုးများကို ရပ်တန့်ပယ်ရှားနိုင်တော့မည်ဖြစ်သည်။ အမိန့်အရ ဆက်သွယ်ရေး ကွန်ရက်အသုံးပြုပြီး ရုပ်ရှင်ရုံတည်ထောင်ခြင်း၊ ရုပ်ရှင်ဆိုင်ရာအက်ပလီကေးရှင်းများမှတစ်ဆင့် လွှင့်တင်ခြင်း၊ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းများအား အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်လိုက်ခြင်းဖြင့် အားနည်းချက်လိုအပ်ချက်များကို ထိန်းသိမ်းစောင့်ရှောက်ပြုပြင်၍ စနစ်တကျ ကြီးကြပ်တည့်မတ်ပေးနိုင်တော့မည်ဖြစ်သည်။

တရားဝင် အသိအမှတ်ပြုပေးနိုင်သည့်အခါ နိုင်ငံတော်က ရသင့်ရထိုက်သည့် အခွင့်အရေးများလည်း မဆုံးရှုံးတော့။ အတိုင်းအတာတစ်ခုအထိ စနစ်တကျရှိသွားပြီး ရသင့်ရထိုက်သည့် အခွန်ငွေကြေးလည်း ထပ်မံမဆုံးရှုံးရအောင် အကာအကွယ်ပြုပေးနိုင်တော့မည်ဟု ယူဆသည်။ ဥပဒေစည်းမျဉ်းစည်းကမ်းများကို မလိုက်နာလျှင်လည်း ထိထိရောက်ရောက် အရေးယူနိုင်တော့မည်ဖြစ်သည်။ စနစ်တကျ အလုပ်လုပ်သူများအတွက်လည်း ဥပဒေအတိုင်း အကာအကွယ်ရယူနိုင်တော့မည်ဖြစ်သလို ကိုယ့်လုပ်ဖော်ကိုင်ဖက်များကိုလည်း ကာကွယ်စောင့်ရှောက်ပေးနိုင်တော့မည်ဖြစ်ပါသည်။ ထိန်းချုပ် ချုပ်ကိုင်ရန်ချည်းပဲမဟုတ်၊ အကာအကွယ်ပေးရန်လည်း ရည်ရွယ်သည်ကို တွေ့ရသည်။ နိုင်ငံသားများ၏ အကျိုးစီးပွားများ မထိခိုက်ရလေအောင် ကန့်သတ်တားဆီးမှုများစွာ ဆောင်ရွက်ပေးနိုင်မည်ဟု ယုံကြည်ပါသည်။

**❖ တရားဝင် အသိအမှတ်ပြုပေးနိုင်သည့်အခါ နိုင်ငံတော်က ရသင့်ရထိုက်သည့် အခွင့်အရေးများလည်း မဆုံးရှုံးတော့။ အတိုင်းအတာတစ်ခုအထိ စနစ်တကျ ရှိသွားပြီး ရသင့်ရထိုက်သည့် အခွန်ငွေကြေးလည်း ထပ်မံမဆုံးရှုံးရအောင် အကာအကွယ်ပြုပေးနိုင်တော့မည်ဟု ယူဆသည်။ ဥပဒေစည်းမျဉ်းစည်းကမ်းများကို မလိုက်နာလျှင်လည်း ထိထိရောက်ရောက် အရေးယူနိုင်တော့မည်ဖြစ်သည်။ စနစ်တကျ အလုပ်လုပ်သူများအတွက်လည်း ဥပဒေအတိုင်း အကာအကွယ်ရယူနိုင်တော့မည်ဖြစ်သလို ကိုယ့်လုပ်ဖော်ကိုင်ဖက်များကိုလည်း ကာကွယ်စောင့်ရှောက်ပေးနိုင်တော့မည် ဖြစ်ပါသည်။ ထိန်းချုပ် ချုပ်ကိုင်ရန်ချည်းပဲမဟုတ်၊ အကာအကွယ်ပေးရန်လည်း ရည်ရွယ်သည်ကို တွေ့ရသည်။ နိုင်ငံသားများ၏ အကျိုးစီးပွားများ မထိခိုက်ရလေအောင် ကန့်သတ်တားဆီးမှုများစွာ ဆောင်ရွက်ပေးနိုင်မည်ဟု ယုံကြည်ပါသည်**

**ယဉ်ကျေးမှုကိုယ်ခံအား ဘာကြောင့်နည်းလာရသလဲ**

ပြောရလျှင် အစဉ်အလာကောင်း များစွာရှိခဲ့သော မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့ဓလေ့စရိုက်ဟူသည် ဆုတ်ယုတ်ပျက်စီးစပြုလာသည်မှာ ကြာပြီဖြစ်သည်။ အထူးသဖြင့် လူတစ်ဦးချင်း နိုင်ငံသားအခွင့်အရေး လွတ်လပ်စွာဖော်ထုတ်ရေးသားခွင့် လစ်ဘရယ် အယူများအောက်မှာ ပို၍ဆိုးရွားသွားသည်။ မရင့်ကျက်၊ မလေ့လာ၊ ကိုယ့်ယဉ်ကျေးမှုကို အထင်သေးတာလည်းပါသည်။ မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်ကြား၊ မိတ်ဆွေအချင်းချင်းကြား အပြန်အလှန်ယုံကြည်မှု အပြန်အလှန်နားလည်မှုကို အခြေခံသည့် ဆက်ဆံရေးမှာ အဖုအထစ်တွေ ရှိလာသည်။

အမှန်မှာ မိမိတို့ယဉ်ကျေးမှုသည် ရှေးပဝေသဏီ အဆက်ဆက်ကပင် ထွန်းကားကြီးကျယ်ခဲ့သည်ကို ယနေ့မြန်မာ့လူငယ်တွေ မေ့လျော့နေကြသည်။ တန်ဖိုးကြီးမားသော မြန်မာ့ရိုးရာယဉ်ကျေးမှုကို အထင်မကြီးကြ၊ ယဉ်ကျေးမှုကိုယ်ခံအားနည်းသော မြန်မာလူငယ်များက ပြောသမျှယုံ၊ ပြသမျှအဟုတ်ထင်၊ ကိုယ့်ကိုယ်ကိုယ် အဟုတ်ထင်ပြီး အတုခိုးမှား၊ လမ်းလွဲလိုက်မိကြသည်။ ထိုအခြေအနေများသည် မြန်မာ့လူငယ်များ၏ ယုံကြည် လက်ခံမှုချည်းကြောင့်လည်း မဟုတ်ပါ။

**❍ အချို့အနုပညာ အဖျက်သမားများကြောင့်လည်းပါသည်၊ အချို့က စီးပွားတွက် တွက် ငွေကြေးနောက်လိုက်သည့် လောဘရမ္မက်အတ္တများခြင်းကြောင့်လည်းကောင်း၊ အချို့က မြန်မာ့ယဉ်ကျေးမှုကို ခေတ်နှင့်အညီ တိုးတက်ခေတ်မီစေလို၍လည်းကောင်း၊ အချို့က ရည်ရွယ်ချက်ရှိရှိ မြန်မာ့ယဉ်ကျေးမှုကို တမင်ဖျက်ဆီးလို၍လည်းကောင်း၊ အချို့က နိုင်ငံဖွံ့ဖြိုးရေးမှာ အရေးပါသည့် အနာဂတ်လူငယ်မျိုးဆက်၏စိတ်ဓာတ်ကို ရိုက်ချိုးပြီး နိုင်ငံတည်တံ့ရေးမှာ အခြေခံကျသော အနုသုခုမ ယဉ်ကျေးမှုနှင့် ဘာသာတရားကို ဖျက်ဆီး၍ နိုင်ငံအလုံးစုံပျက်သုဉ်းရန် အထိ ရည်ရွယ်ချက်တွေပါသည်ကို တွေ့နိုင်သည်**

အချို့အနုပညာ အဖျက်သမားများကြောင့်လည်းပါသည်၊ အချို့က စီးပွားတွက် တွက် ငွေကြေးနောက်လိုက်သည့် လောဘရမ္မက်အတ္တများခြင်းကြောင့် လည်းကောင်း၊ အချို့က မြန်မာ့ယဉ်ကျေးမှုကို ခေတ်နှင့်အညီ တိုးတက်ခေတ်မီစေလို၍လည်းကောင်း၊ အချို့က ရည်ရွယ်ချက်ရှိရှိ မြန်မာ့ယဉ်ကျေးမှုကို တမင်ဖျက်ဆီးလို၍ လည်းကောင်း၊ အချို့က နိုင်ငံဖွံ့ဖြိုးရေးမှာ အရေးပါသည့် အနာဂတ်လူငယ်မျိုးဆက်၏စိတ်ဓာတ်ကို ရိုက်ချိုးပြီး နိုင်ငံတည်တံ့ရေးမှာ အခြေခံကျသော အနုသုခုမ ယဉ်ကျေးမှုနှင့် ဘာသာတရားကို ဖျက်ဆီး၍ နိုင်ငံအလုံးစုံပျက်သုဉ်းရန်အထိ ရည်ရွယ်ချက်တွေပါသည်ကို တွေ့နိုင်သည်။

**လက်တွေ့မြင်သိကြားသိနေရသည်များ**

ယခုလို အနေအထားကို အထောက်အထားများစွာနှင့်သက်သေပြနိုင်ပါသည်။ ယနေ့ ပြသနေသော ဖျော်ဖြေရေးအက်ပလီကေးရှင်းများကို သတိထားလေ့လာကြည့်ပါ။ ရက်ရက်စက်စက် သတ်ဖြတ်မှုများဖြင့် လူသတ်ကားများစွာကို ကြည့်ရှုရလိမ့်မည်။ ထစ်ခနဲရှိ သတ်မယ်ဖြတ်မယ် ဆိုတာချည်းဖြစ်သည်။ လူတွေမှာ သနားညှာတာစိတ် မရှိတော့။ သည်းညည်းခံမှု၊ ကိုယ်ချင်းစာမှုမရှိ။ သူရသူယူ၊ ကိုယ်ရကိုယ်ယူ အတ္တဇောင်းပေး၊ ကိုယ်သာအမှန် သူအမှား၊ ကိုယ်မှန်ရင် လက်ဦးမှုယူ ရက်စက်ကြမ်းကြုတ်သောကားများ အပြများလာသည်။

ရန်လိုမှု၊ ပဋိပက္ခနှင့် အမုန်းအာဃာတ အကြမ်းဖက် အားပေးဇာတ်ကားများကို ကြည့်မိသူ ယနေ့လူငယ်တွေမှာ လူမိုက်ဇာတ်အသွင်းခံလိုက်ရပြီး လမ်းမှားလိုက်မိတတ်ကြသည်။ မသိမသာ ဘာသာတရားမှာ တိမ်းညွတ်မှုအောင် ပြသလေသလား ထင်မှားစရာ နိုင်ငံခြားရုပ်ရှင်ကားတချို့ တွေ့မိသည်။ လူမျိုးရေးအခြေခံ နှိမ့်ချသည့် ဗီဒီယိုကား အချို့လည်း မကြာခဏကြည့်မိသည်။ မြန်မာ အပါအဝင် အချို့နိုင်ငံတွေကို နှိမ့်ချစော်ကား ပုတ်ခတ်သရော်သော နိုင်ငံတကာက အထင်အမြင်မှားလောက်သည့် ရုပ်ရှင်မျိုးတွေလည်း ရှိသည်။

မောင်နှင့်နှမ၊ သားနှင့်အမိ ကြည့်ရှုရန်မသင့်သည့် လိင်အသားပေး ရုပ်ရှင်ကားများသည် မြန်မာ့ယဉ်ကျေးမှုနှင့် ဆီလျော်အပ်စပ်မှု မရှိနိုင်ပါ။ အိမ်ထောင်ရေး အရှုပ်အရှင်းကင်းသည့် မြန်မာရုပ်ရှင်ဇာတ်ကားဟူ၍ မရှိသလောက်နည်းလာသည်။ မပီဝိုးတဝါး လိင်မှုပြကွက်တွေကို လင်လု/မယားခိုး၊ ချစ်ကြိုက်ကွဲညား အိမ်ထောင်ရေး ဇာတ်ရှုပ်များနှင့် ရောထွေးလိုက်သည့်အခါ ယနေ့လူငယ်များကို အကျင့်စာရိတ္တများ ပျက်ပြားရန် အားပေးသလိုဖြစ်သွားသည်ကို သတိထားမိသူ အလွန်နည်းလှသည်။ ယောကျ်ားပီသသူတို့၏ ကိုယ်ရည်ကိုယ်သွေးကို နှိမ့်ချစော်ကားသည့် ဂေးအသားပေးကားတွေ များလာသည်ကို သတိထားမိသည်။

LGBT ကို အယူလွဲပြီး ဂေးအားပေးသည့် ခွဲခြားဇာတ်လမ်းတွေကို ပေါ်ကြောင်ကြောင်ရိုက်ပြလာကြသည်။ အက်ပလီကေးရှင်း ဗီဒီယိုအချို့မှာ ဖိလစ်ပိုင်ဂေးကားတွေ လွှမ်းမိုးလာသည်ကို သတိထားမိသည်။ အရက်၊ ဘီယာ၊ ဆေးလိပ်၊ ကွမ်း၊ မူးယစ်ဆေးဝါး စသည်မကောင်းသည့် အမှုအကျင့်တွေ မသိမသာနေရာယူလာသည်။ လူတစ်ဖက်သားကို ထိခိုက်နာကျင်စေသည့် ဇာတ်လမ်းမျိုးတွေများလာသည်။ မြန်မာအမျိုးသားကောင်း၊ အမျိုးသမီးကောင်းတို့၏ လက်ရုံးရည် နှလုံးရည်နှင့် ဇာတိမာန်ကို နှိမ့်ချစော်ကားခြင်းကို မလိုလားသူများစွာရှိနေသည်ကို သတိပြုရမည်ဖြစ်သည်။

**ဖျော်ဖြေရန်အပြင် ပညာပေးရန်ပါ**

ယနေ့ရုပ်ရှင်လောကသားများအနေဖြင့် မိမိတို့ဖန်တီးထားသော အနုပညာလက်ရာများကို အရည်အသွေးမီ / မမီ၊ အဆင့်အတန်း ရှိ / မရှိ နိုင်ငံတကာမှာ ရဲရဲဝံ့ဝံ့ချပြရဲရဲ့လား၊ မိမိကိုယ်မိမိ ဆန်းစစ်ကြည့်စေလိုသည်။ ပရိသတ်ရင်ထဲ ရောက်ဖို့ဆိုတာက ကြည့်ရှုသူ ပရိသတ်ကိုယ်တိုင်ကရော ဖန်တီးသူအပါအဝင် သရုပ်ဆောင်များမှာပါ အတွေးအခေါ်မြင့်မားဖို့လိုသည်။ ခေတ်စနစ် လိုအပ်ချက်အရ ပညာပေးဇာတ်လမ်းများကို ပို၍ရိုက်ကူးသင့်ကြသည်။

ရုပ်ရှင်လုပ်ငန်းဆိုသည်မှာ ထုတ်လုပ်သူကရော အနုပညာရှင်ဘက်ကပါ စီးပွားတွက် တွက်ရမည်ဆိုသည်မှာ မှန်ပါသည်။ ဖျော်ဖြေမှုသည် အဓိကကျသော်လည်း ပညာပေးသည့် ဖျော်ဖြေရေးဆိုလျှင် နတ်လူသာခု ခေါ်ကြပါလိမ့်မည်။ ဆိုလိုသည်မှာ business နှင့်အတူ edutainment အဖြစ် ဖန်တီးမှုကောင်းစေလိုသည့် စေတနာပါရမည်ကိုဆိုခြင်းဖြစ်သည်။ ယခုကာလသည် ပရိသတ်ထုကြီး အထူးသဖြင့် လူငယ်ထုအတွက် နည်းမှန်လမ်းမှန်ဖြစ်ရန် အလွန်လိုအပ်နေသောကာလဖြစ်သည်။ ကြည့်ရှုသူများတွင် အပန်းလည်း ပြေစေရန်အပြင် အကျိုးလည်းရှိ တစ်ခုခုလည်းကျန်စေချင်သည်။

မိမိဖန်တီးလိုက်သော အနုပညာတစ်ခုကြောင့် လူတွေမှာ ကိုယ်ကျင့်သိက္ခာမြင့်လာမည်၊ mindset ပြောင်းပြီး နိုင်ငံကြီးသားပီသလာသည်ဆိုလျှင် မကောင်းပေဘူးလား... ယခင်လေးစားရသော အနုပညာရှင်ကြီးများသည် သမိုင်းဝင်အမွေအနှစ်များကို အစဉ်အဆက်ဖော်ထုတ်ခဲ့ကြသော်လည်း ယခုနှစ်များ နှောင်းပိုင်းမှာ သကြ်ဳန်ကဲ့သို့သော ရာသီအလိုက် ရိုးရာအမွေအနှစ်ကိုပင် ဆက်လက်ဖော်ထုတ်နိုင်စွမ်းမရှိတော့သည်ကို ဝမ်းနည်းဖွယ် တွေ့မြင်လာရသည်။

*စာမျက်နှာ ၇ သို့*

# နွေရာသီကျောင်းပိတ်ရက်ကာလတွင် လူငယ်ကဏ္ဍဆိုင်ရာကိစ္စရပ်များ အရှိန်တိုးမြှင့်ဆောင်ရွက်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် မေ ၄**

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လူငယ်ကဏ္ဍနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရေးအတွက် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီက နွေရာသီကျောင်းပိတ်ရက် ကာလတွင် လူငယ်ကဏ္ဍဆိုင်ရာကိစ္စရပ်များ အရှိန်တိုးမြှင့် ဆောင်ရွက်နိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ရုံးအမှတ်(၃၁)ရှိ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း လူငယ်များ အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရေး၊ အသိပညာဗဟုသုတများ တိုးပွားစေရေးတို့အတွက် လူငယ်နှင့်ပတ်သက်သည့် သင်တန်းများ၊ လှုပ်ရှားမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် စနစ်တကျအရှိန်အဟုန်မြှင့်ဆောင်ရွက်ရာတွင် လူငယ်များအနေဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန်၊ ဗလငါးတန်နှင့်ပြည့်စုံပြီး အတွေးအခေါ်မှန်ကန်ရင့်ကျက်သည့် အနာဂတ်ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရန်အတွက် ရေးဆွဲထားသော စီမံချက်မူကြမ်းတွင် ပါဝင်သည့် အချက်များဖြစ်သည့် လူငယ်စကားဝိုင်းများ၊ အသိပညာပေးဟောပြောပွဲများ၊ အားကစားပြိုင်ပွဲများနှင့် အားကစားသင်တန်းများ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ၊ မြန်မာနိုင်ငံပထဝီအချက်အလက်များဆိုင်ရာ အမေး / အဖြေပြိုင်ပွဲများ၊ ဒေသတွင်းလေ့လာရေးခရီးစဉ်များနှင့် စုပေါင်းလုပ်အားပေးအစီအစဉ်များ၊ အသိပညာဗဟုသုတများ တိုးတက်စေရေးအတွက် အထောက်အကူပြုမည့်သင်တန်းများ၊ သင်တန်းဖွင့်လှစ်မည့်ကာလနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများ၊ အသက်အုပ်စုသတ်မှတ်ခြင်းများနှင့် ပတ်သက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အသေးစိတ်ညှိနှိုင်းဆွေးနွေးရန် ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မီဒီယာပိုင်းသည်အရေးကြီးပြီး အဓိကအခန်းကဏ္ဍအဖြစ် လိုအပ်သည့်အတွက် သတင်းပြန်ကြားခြင်း သာမက လှုံ့ဆော်စည်းရုံးခြင်းများပါ ထဲထဲဝင်ဝင် ဆောင်ရွက်နိုင်မှသာ ကျောင်းသားလူငယ်များ စိတ်ပါဝင်စားလာမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့် လူငယ်ကဏ္ဍတိုးတက်စေရေးကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ သင်တန်းများတွင် ဖွင့်လှစ်သည့်ကာလ ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ပေါ့ပါးပျော်ရွှင်စေရန် ဖျော်ဖြေရေး အစီအစဉ်များကို အနုပညာရှင်များနှင့် ပေါင်းစပ်ပြီး လူငယ်ကဏ္ဍဖွံ့ဖြိုး တိုးတက်စေရေးအတွက် ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေက နွေရာသီကျောင်းပိတ်ရက်ကာလ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး ဆွေးနွေးပြောကြားချက်များအရ သင်တန်းကာလအား အနည်းငယ်ပြောင်းလဲပြင်ဆင်လိုက်ပါက ကျောင်းသားလူငယ်များ ကျောင်းတက်ရန်ပြင်ဆင်ချိန်များရပြီး သင်တန်းတွင်လည်း အပြည့်အဝ စိတ်ပါဝင်စားနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ဌာနအနေဖြင့် လိုအပ်သည်များကိုလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က ကျောင်းသားလူငယ်များနှင့် နွေးထွေးမှုရှိပြီး တစ်သားတည်းဖြစ်ရန်လိုကြောင်း၊ IT နည်းပညာကို သိသာပေါ်လွင်ထင်ရှားစေရန် ဉာဏ်စမ်းပဟေဠိအစီအစဉ်များကို IT နည်းပညာနှင့် ပြုလုပ်နိုင်အောင် ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက နွေရာသီကျောင်းပိတ်ရက်ကာလတွင် ကြက်ခြေနီသင်တန်းများကို ကျောင်းများတွင်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း၊ အသက်အရွယ်အလိုက် နေထိုင်မှုပုံစံများကို လူငယ်များ သိရှိစေရန် သင်တန်းများတွင် ထည့်သွင်းပို့ချစေလိုကြောင်း၊ ၎င်းသင်တန်းများ တက်ရောက်ထားခြင်းဖြင့် လူရည်ချွန်စာမေးပွဲ ဖြေဆိုရာတွင် အထောက်အကူပြုနိုင်မည့်အချက်ဖြစ်သည်ကို လူငယ်များအားသိရှိထားစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက သင်တန်းများတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးခြင်း အစီအစဉ်များ ထည့်သွင်းဆောင်ရွက်စေလိုကြောင်း၊ ထို့မှသာ ကျောင်းသားလူငယ်များ အသိပညာ ဗဟုသုတများ ပိုမိုတိုးပွားလာနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသူများက အသီးသီး ဆွေးနွေးတင်ပြကြရာ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လိုအပ်သည်များကို ပြန်လည်ပြင်ဆင်၍ စီမံချက်ရေးဆွဲပြီး ပြန်လည်ပေးပို့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေး ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ရွှေလုပ်ငန်းရှင်များအသင်း သကြန်အကြိုနှစ်ဦးစတုဒိသာလှူဒါန်း

ရန်ကုန် မေ ၄ - ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (၁၁)ကြိမ်မြောက် သင်္ကြန်အကြိုနှစ်ဦးစတုဒိသာ အလှူကို မေ ၂ ရက်က ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း အသင်းရုံးရှေ့ရှိ အလှူမဏ္ဍပ်၌ ကျင်းပသည်။ ရေးဦးစွာ အလှူ့အသီးသီးမှ လူပုဂ္ဂိုလ်များကို နေ့လယ်စာထမင်း၊ ဟင်း၊ အချိုရည်တို့ဖြင့် ကျွေးမွေးကြသည်။ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူးနှင့်ပြန်ကြားရေးမှူး ဦးအေးချိုက "နှစ်စဉ်လှူဒါန်းခဲ့ကာ (၁၁)ကြိမ်မြောက်ရှိပါပြီ။ ဒီနှစ်အလှူမှာ ဆိတ်သားပိသာအချိန် ၃၅၀၊ ပဲဟင်း၊ ခရမ်းချဉ်သီးပါချတီ၊ ဆန်ငါးအိတ်ခွဲတို့ကို ချက်ပြုတ်ကျွေးမှာပါ။ လူ၅၀၀၀ ခန့် စားနိုင်အောင် အလှူရှင်များစုပေါင်းပြီး စီစဉ်ထားပါတယ်" ဟု ပြောသည်။

**မျိုးမင်းသူရ**

---

*စာမျက်နှာ ၆ မှ*

ယဉ်ကျေးသိမ်မွေ့သော တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအမွေအနှစ်နှင့် သဘာဝအလှအပများကို ဖော်ထုတ်ရန် အတော်ခက်ခဲနေပြီဖြစ်သလို ရိုးသားသော မြန်မာ့ယဉ်ကျေးမှုနှင့် လေးစားဖွယ်အလှအပများကို နိုင်ငံတကာကသိအောင် အဘယ်ကဲ့သို့ဆွဲဆောင်နိုင်ကြတော့မည်နည်း။

**နမူနာအတုယူစရာ နိုင်ငံခြားဇာတ်လမ်းများ**

ယခုလိုကာလမှာ လူ့ကျင့်ဝတ်ကို ဖော်ညွှန်းသောဇာတ်ကားများစွာကို ဖန်တီးသင့်ပါပြီ။ စည်းကမ်းဥပဒေကို လေးစားလိုက်နာတတ်အောင် ပညာပေးသင့်သည်။ လူတွေပညာတတ်အောင်၊ သမ္မာအာဇီဝဖြင့် ချမ်းသာအောင်၊ နိုင်ငံတိုးတက်အောင် ကြိုးစားရန်းကန်ရပုံများကို အတုယူတတ်အောင် ဖန်တီးပြုလုပ်သင့်သည်။ ဥပမာ- နိုင်ငံရေး၊ စစ်ရေးမှာ တိုင်းပြည်တစ်ပြည် ထူထောင်ရတာ၊ တည်ထောင်ပြီး တိုင်းပြည်တစ်ပြည်ကို မပြိုကွဲအောင် ကာကွယ်စောင့်ရှောက်ရတာ ဘယ်လောက်ခဲယဉ်းသလဲ၊ ဘယ်လိုတွေအသက်ပေးကြရသလဲ၊ ယခုနှစ်အတွင်း ဆိုရှယ်မီဒီယာအက်ပလီကေးရှင်းမှာ ပြသနေသည့် ကိုရီးယားဇာတ်လမ်းတွဲ ဂိုယော-ဂိုရန်စစ်ပွဲ ဇာတ်ကားကဲ့သို့သော မျိုးချစ်စိတ် နိုင်ငံချစ်စိတ်အခြေခံ သမိုင်းဝင်ပညာပေးဇာတ်ကားကောင်းများကို အတုယူ၍ ရိုက်ကူးထုတ်လုပ်သင့်ပါသည်။

ကိုရီးယားဇာတ်လမ်းအများစုမှာ ဗီလိန်အဖြစ်၊ ရက်စက်တတ်သူအဖြစ် သူ့နေရာနှင့်သူ သရုပ်ဆောင်ကြသော်လည်း ယုတ်မာမှုကို ဖော်ပြရန် ဝန်လေးတတ်ကြသည်ကို တွေ့ရသည်။ လူကြမ်းအဖြစ် သရုပ်ဆောင်ရသော်လည်း သစ္စာရှိမှုနှင့်ယုတ်မာမှုကို ခွဲခြားပြသနိုင်စွမ်းရှိသည်။ ဘယ်လောက်ဆိုးသွမ်းပါစေ၊ အားနည်းသူကို ကူညီရမယ်မှန်းသိအောင် ပညာပေးတတ်ကြသည်။ ထိုနည်းတူ အိန္ဒိယဇာတ်ကားများအနက် ပညာပေးဇာတ်ကားကောင်းအချို့ကိုလည်း ကြည့်ဖူးပါသည်။

ကျန်းမာရေးနှင့် ညီညွတ်သော အိမ်သာတစ်လုံး၏ တန်ဖိုး၊ သားဆက်ခြားနှင့် လိင်ကူးစက်ရောဂါများ မဖြစ်အောင် ကျန်းမာရေးပညာပေးသောဇာတ်ကားများသည် အိန္ဒိယလူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးမှာ ကြီးစွာအထောက်အကူပြုခဲ့သည်ဟု မြင်မိပါသည်။ တစ်ခါတစ်ရံ အိန္ဒိယဇာတ်ကားများမှာ သူတို့လူမျိုး၏ စိတ်ဓာတ်ထက်သန်မာကြောမှုကို တွေ့ရတတ်သည်။ လူ့အဖွဲ့အစည်း၏တာဝန်ကို ခက်ခက်ခဲခဲထမ်းရွက်ကြသည့် အမှားအမှန် ခွဲခြားနိုင်စွမ်းရှိသည့် အမှန်တရားဘက်တော်သား သတ္တိခဲများစွာရှိကြောင်း ပြသနိုင်သည်။ မြန်မာ့ရုပ်ရှင်ဗီဒီယိုလောကတွင်မူ ယခင်က ပညာပေးဇာတ်လမ်းကောင်းများ ပေါ်ထွက်ခဲ့ဖူးသော်လည်း ယခုကာလတွင်မူ နည်းပါးစပြုလာသည်ကို သတိထားမိသည်။ မြန်မာပညာပေး ဇာတ်ကားကောင်းများကို စောင့်မျှော်နေသူ ပြည်သူများစွာရှိသဖြင့် ယခုလို ထောက်ပြတောင်းဆိုခြင်းသာဖြစ်ပါသည်။

ယေဘုယျခြုံကြည့်လျှင် **မြန်မာ့လူ့အဖွဲ့အစည်းသည် အတွေးအခေါ်ပိုင်း၊ အမူအကျင့်ပိုင်း မြင့်မားဖို့ရန် ပြုပြင်ရန် များစွာလိုအပ်နေသည့် အခြေအနေရောက်နေသည်။ အနာဂတ် မျိုးဆက်များအား ဦးဆောင်မှုကောင်းပေးရမည်မှာ ယနေ့လူကြီးများ၏ တာဝန်ဖြစ်သလို ယနေ့လူငယ်များအနေဖြင့်လည်း ဆင်ခြင်တုံတရားအပြည့် အသိဉာဏ်ရှိရှိဖြင့် လူ့အသိုင်းအဝိုင်းကို ဒုက္ခရောက်အောင်လုပ်နေသူများနောက် မပါမိအောင် ရှောင်ရှားသင့်ကြသည်။ အပြန်အလှန်ယုံကြည်မှု၊ နားလည်မှုများ အားနည်းနေသော လူမှုအသိုင်းအဝိုင်းတစ်ခုကို ယခုလို ရုပ်ရှင်ဗီဒီယို ဒစ်ဂျစ်တယ်ပလက်ဖောင်းကို အသုံးပြု၍ စနစ်တကျ စိစစ်ကြပ်မတ်ဆုံးဖြတ်မှုများဖြင့်သာ ပြန်လည်တည်ဆောက်သွားနိုင်မည်ဟု ယုံကြည်ပါသည်။**

စဉ်းစားရန်မှာ ရေရှည်အတွက်ဖြစ်သည်။ ပညာရေးကိုပဲ အခြေပြုရမည်ဟု ယူဆပါသည်။ ယနေ့ခေတ်သားသမီးအရွယ် လူငယ်လူရွယ်များ၏ ဖြစ်အင်တချို့ကို ကိုယ်ချင်းစာစိတ်ဖြင့် သင်ခန်းစာယူပြီး KG အရွယ် လူမမည်ဘဝကတည်းက မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့အနုပညာကို ချစ်တတ်၊ မြတ်နိုးတတ်၊ လေးစားတန်ဖိုးထားတတ်အောင် ကလေးငယ်များကို လေ့ကျင့်သင်ကြားပေးသင့်ပါသည်။

ချစ်ခြင်းမေတ္တာတရားနှင့် ကရုဏာတရားဆိုသည်ကို မင်္ဂလာတရားနှင့်အညီ နေတတ်ထိုင်တတ်သည့် အပြုအမူကောင်းများနှင့်အညီ လေးစားရကောင်းမှန်း သိလာလျှင် ဘယ်အရာက အမှန် ဘယ်အရာကအမှားဆိုသည်ကို ခွဲခြားနိုင်စွမ်း ရှိလာမည်ဖြစ်ပါသည်။ သို့မှသာ လူ့ကျင့်ဝတ်နှင့် မဆီလျော်သည့် ဖန်တီးလုပ်ယူထားသော အဆိပ်အတောက်များမှ ယဉ်ကျေးသည့်လူ့အဖွဲ့အစည်းတစ်ခုကို ကယ်တင်ရာ ရောက်ပါလိမ့်မည်။ ။

# ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၄**

ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွန်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့မှ ကိုယ်စားလှယ်များ၊ ဦးဆောင်ကော်မတီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ဦးဆောင်ကော်မတီ အနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် တောင်သူများ၏ အခက်အခဲများ ဖြေလျှော့ပေးနိုင်ရေးနှင့် စိုက်ပျိုးသီးနှံများအထွက်နှုန်းတိုးစေရေးတို့အတွက် စိုက်ပျိုးရေး လုပ်ငန်းများတွင် လိုအပ်လျက်ရှိသော စံချိန်စံညွှန်းပြည့်ဝသည့် သွင်းအားစုများကို ဈေးနှုန်းသက်သာစွာဖြင့် ရာသီချိန်အမီ ဖြန့်ဖြူးရောင်းချပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်ပမှ တင်သွင်းရာတွင် စနစ်တကျဖြစ်စေရေး၊ မျှမျှတတဖြစ်စေရေး၊ ပွင့်လင်းမြင်သာမှုဖြစ်စေရေးတို့ကိုလည်း ကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေး လုပ်ငန်းရှင်များအသင်း၏ တင်ပြချက်များအရ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဓာတ်မြေဩဇာ တင်သွင်းမှုအနေဖြင့် တန်ချိန် ၁ ဒသမ ၀၄၇ သန်းနှင့် ပိုးသတ်ဆေးတင်သွင်းမှုအနေဖြင့် တန်ချိန် ၂၇၁၂၉ ဒသမ ၂၄ တန် ရှိပါကြောင်း၊ မြေဩဇာအသင်းအနေဖြင့် အသင်းဝင်ကုမ္ပဏီများကို သွင်းကုန်လိုင်စင်ရရှိရေး လျှောက်ထားတင်ပြသည့်အခါနှင့် သွင်းကုန်လိုင်စင်ရရှိပြီးသည့်အခါတို့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့မှ ထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရေး ကြီးကြပ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

မိမိတို့ ဦးဆောင်ကော်မတီအနေဖြင့် အသင်းဝင်ကုမ္ပဏီများကို နှစ်စဉ်တင်သွင်းမှုစာရင်းအပေါ် အခြေခံ၍ ကုမ္ပဏီအလိုက် တင်သွင်းမှု ပမာဏတန်ချိန် သတ်မှတ်ထားသော်လည်း အမှန်တကယ် ဆောင်ရွက်သည့်ကုမ္ပဏီအသစ်များကိုပါ တင်သွင်းခွင့်ပြုထားကြောင်း၊ ကုမ္ပဏီအသေးများ ဈေးနှုန်း ယှဉ်ပြိုင်နိုင်အောင်လည်း စီစဉ်ပေးထားကြောင်း၊ ဈေးနှုန်းယှဉ်ပြိုင်ရသည်ဖြစ်၍ အမှန်တကယ် တင်သွင်းသူများကို စိစစ်ထောက်ခံ ပေးထားကြောင်း၊ သွင်းအားစုများ အချိန်မီရရှိရေး၊ အရည်အသွေး ပြည့်မီရေးနှင့် ဈေးနှုန်းသက်သာအောင် ကြီးကြပ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်က ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံ၊ အားသာချက်၊ အားနည်းချက်များကို နမူနာယူပြီး ယခုနှစ်မှာ အားနည်းချက်များ မရှိရအောင် သက်ဆိုင်ရာအဖွဲ့ဝင်များက ကြိုတင်ဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားမှုများနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် သွင်းအားစုများ တင်သွင်းခွင့်ရရှိရေး စည်းကမ်းနှင့်အညီ စိစစ်ထောက်ခံပေးမည့် အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များ အသင်းကိုယ်စားလှယ်က လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက လုပ်ငန်း ဆောင်ရွက်နေမှုများအပေါ် လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြပြီး ဦးဆောင်ကော်မတီအဖွဲ့ဝင် ဦးစီးဌာနကိုယ်စားလှယ်များက ဝိုင်းဝန်းအကြံပြု ရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များဖြည့်စွက်မှာကြားကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Artemii ALIMOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၁၁ နာရီခွဲတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား နှစ်နိုင်ငံ အကျိုးတူပူးပေါင်း ဆောင်ရွက်နိုင်မည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သဘာဝမြေဩဇာထုတ်လုပ်ရေး လုပ်ငန်းများ၊ ရုရှား-မြန်မာ သဘာဝမြေဩဇာ စက်ရုံတည်ဆောက်ရေးစီမံကိန်းဆိုင်ရာ ကိစ္စရပ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံထုတ် သဘာဝမြေဩဇာ တင်သွင်းရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**သတင်းစဉ်**



# ဝါသီးနှံ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မေ ၄**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ထားရှိသော ဝါသီးနှံ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သုတေသနတွေ့ရှိချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့က မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်ရှိ ဝါသီးနှံ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေး (ရွှေတောင်)ခြံ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝါသီးနှံပညာရှင်များနှင့် သုတေသီများ တက်ရောက်ကြသည်။



အလုပ်ရုံ ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက ဝါသီးနှံဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာပေးလုပ်ငန်းများ၊ ဝါမျိုးရိုးဗီဇမြှင့်တင်ရေး၊ မျိုးမွေးမြူရေးနှင့် ဝါသီးနှံဇီဝကမ္မဆိုင်ရာ သုတေသနကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် အရှိန်အဟုန်မြှင့်တင်၍ တစိုက်မတ်မတ် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းကြရန် လိုအပ်ကြောင်း၊ ဝါသီးနှံ၏ အရည်အသွေးပိုင်းဆိုင်ရာလက္ခဏာများ မြှင့်တင်ကောင်းမွန်စေရေး၊ လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများ၊ မျိုးရွေးချယ်ခြင်းနှင့် မျိုးစေ့ထုတ်လုပ်ငန်းများတွင် ဝါတောင်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရန် လိုကြောင်း၊ သုတေသီ ပညာရှင်များနှင့် တောင်သူများ အတူယှဉ်တွဲ လုပ်ကိုင် ဆောင်ရွက်ကြမှသာ ဝါသီးနှံ သုတေသနနှင့် နည်းပညာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ထိရောက်အောင်မြင်နိုင်မည် ဖြစ်ကြောင်း၊ ဝါသုတေသနစင်တာ (Cotton Research Center) တစ်ရပ် ပီပီပြင်ပြင် ဖော်ထုတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

အလုပ်ရုံ ဆွေးနွေးပွဲတွင် နေပြည်တော်၊ မန္တလေး၊ မကွေး တိုင်းဒေသကြီးများရှိ မြို့နယ် ငါးခုတွင် ဆောင်ရွက်ထားရှိသော ဝါသီးနှံ ရှစ်မျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်များ ဆောင်ရွက်ခဲ့မှုများနှင့် စမ်းသပ်ကွက်များ၏ တွေ့ရှိချက်များကိုလည်းကောင်း၊ ဝါမျိုး တစ်မျိုးချင်းစီ၏ အရည်အချင်းလက္ခဏာများ၊ အထွက်နှုန်းများနှင့် ဝါသီးနှံတွင် ကျရောက်တတ်သည့် ပိုးမွှားရောဂါများ၏ ခံနိုင်ရည်ရှိမှုကို တောင်သူများ လက်တွေ့ လေ့လာနိုင်ရေး စီမံဆောင်ရွက်ထားရှိမှု၊ ဝါဂွမ်းချည်နှင့် ချည်ထွက်ပစ္စည်း အရည်အသွေးကောင်းမွန်သည့် ဝါမျိုးများ၊ ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသည့် အထွက်ကောင်း ဝါမျိုးများကို တောင်သူများ ရွေးချယ် စိုက်ပျိုးတတ်စေရေး နည်းပညာပေး လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ဝါသီးနှံ သုတေသနများနှင့် ဝါသီးနှံ ဇီဝကမ္မဆိုင်ရာ လေ့လာချက်များ ဆောင်ရွက်ခြင်း၊ ဝါသီးနှံမျိုးမွေးမြူရေး သုတေသီပညာရှင်များကို ဦးစားပေး၍ စဉ်ဆက်မပြတ် မွေးထုတ်နိုင်ရေး အပါအဝင် ဝါသီးနှံ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ဦးစားပေး အစီအစဉ်များဖြင့် ဆောင်ရွက်ရန်နှင့် တောင်သူများနှင့် ပညာရှင်များ အကြား အလပ်မရှိ ဆောင်ရွက်ကြရန် လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

○ *ကျောဖုံးမှ*

ရမှတ် ၆၈ မှတ်ဖြင့် အမှတ်ပေးဇယားကို ယာယီဦးဆောင်နိုင်ခဲ့သည်။

တန်းဆင်းဇုန် အတွင်းမှ လွတ်မြောက်ရန် ခြေကုန်ထုတ်လာသော လူတန်အသင်းသည် အာဆင်နယ်အသင်း၏ထိုးဖောက်တိုက်စစ်ဆင်မှုများကို မိနစ် ၂၀ ကျော်အထိသာ တောင့်ခံနိုင်ခဲ့ပြီး ၂၄ မိနစ်တွင် အိုဒီဂတ်၏ ဦးဆောင်ဂိုးကို ခွင့်ပြုပေးခဲ့ရသည်။

အိုဒီဂတ်၏ အဆိုပါ သွင်းဂိုးသည် အာဆင်နယ်အသင်း အတွက် ပရီမီယာလိဂ် ဂိုး ၃၀ မြောက်ကို သွင်းယူ ရရှိခဲ့ခြင်းဖြစ်သည်။

ထို့နောက် ပွဲချိန် ၄၄ မိနစ်တွင် လူတန်အသင်းမှ ဟာရှီအိုကာ ကိုယ့်ဂိုးကိုယ် သွင်းယူမိခဲ့၍ အာဆင်နယ်အသင်း ဒုတိယဂိုး ရရှိခဲ့သည်။

ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သော လူတန်အသင်းသည် လာမည့်နှစ်တန်း မဆင်းရရေးအတွက် လက်ကျန်ပွဲစဉ်များတွင် မဖြစ်မနေ ရလဒ်ကောင်းရရှိရေး ကြိုးပမ်းအားထုတ်ရတော့မည် ဖြစ်သည်။

**အောင်ဇော်**

❒ *ကျောဖုံးမှ*

မေ ၆ ရက်တွင် တက္ကသိုလ်ကွင်း၌ Dagon Port အသင်းနှင့် ရွှေဝတီယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ ဒဂုံစတားအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း၊ ပဒုမ္မာကွင်း၌ သစ္စာအားမာန်အသင်းနှင့် ရတနာပုံအသင်း၊ YUSC ကွင်း၌ မြဝတီအသင်းနှင့် အား/ကာသိပ္ပံအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အုပ်စုပွဲစဉ် (၄) အပြီးတွင် အုပ်စု (က) ၌ ရန်ကုန်နှင့် မဟာယူနိုက်တက်တို့က သုံးပွဲကစား ကိုးမှတ်စီ၊ GFA အသင်းက လေးပွဲကစား ခြောက်မှတ်၊ တက္ကသိုလ်အသင်းက လေးပွဲကစား သုံးမှတ်၊ ရွှေပြည်သာအသင်းက လေးပွဲကစား အမှတ်မရသေး၊ အုပ်စု (ခ) ၌ ရှမ်းယူနိုက်တက်က သုံးပွဲကစား ကိုးမှတ်၊ ရခိုင်နှင့် ကချင်ယူနိုက်တက်က သုံးပွဲကစား ခြောက်မှတ်စီ၊ Glory Goal အသင်းက သုံးပွဲကစား သုံးမှတ်၊ Rainbow အသင်းက လေးပွဲကစား အမှတ်မရသေး၊ အုပ်စု (ဂ) ၌ ဒဂုံစတားအသင်းက သုံးပွဲကစား ကိုးမှတ်၊ ဟံသာဝတီနှင့် ရွှေဝတီအသင်းက သုံးပွဲကစား ခြောက်မှတ်စီ၊ Dagon Port အသင်းက သုံးပွဲကစား သုံးမှတ် ရရှိထားသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-YUFC**

# မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့၏ (၁/၂၀၂၄) အစည်းအဝေးကျင်းပ



**နေပြည်တော် ဧပြီ ၄**

မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့၏(၁/၂၀၂၄)အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) နေပြည်တော်၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့သည် မြန်မာနိုင်ငံတစ်ဝန်းရှိ အများပြည်သူများ နေ့စဉ်စားသောက်သုံးစွဲနေသည့် အစားအသောက်နှင့် ဆေးဝါးများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေး ပြည့်မီရေးအတွက် အမျိုးသား အစားအသောက်ဥပဒေ၊ အမျိုးသား ဆေးဝါးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မူဝါဒများ ချမှတ်ခြင်း၊ ကောင်းမွန်သော ကျင့်စဉ်များ သတ်မှတ်ပေးခြင်း၊ နိုင်ငံတကာအဆင့်မီ စံချိန်စံညွှန်းများ သတ်မှတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနေသည့် အဓိကကျသော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် ဦးတည်ချက် (၉)ရပ်အနက် စီးပွားရေး ဦးတည်ချက်ဖြစ်သည့် တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး၊ ပြည်တွင်း စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး အစရှိသည့် ဦးတည်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး အစည်းအဝေး ကျင်းပရခြင်းဖြစ်ကြောင်း။

အစားအသောက်ကွင်းဆက်တစ်လျှောက်တွင် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ယူကာ ကြီးကြပ်ကွပ်ကဲလျက်ရှိသည့် သက်ဆိုင်ရာဌာနအသီးသီး၏ တာဝန်နှင့်ဝတ္တရားများ တိကျစွာ ခွဲခြားသတ်မှတ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကိုလည်း ကျင်းပသွားရန်ရှိကြောင်း၊ အာဏာပိုင်အဖွဲ့အနေဖြင့် ပြောင်းလဲတိုးတက်နေသည့် ခေတ်စနစ်နှင့်အညီ လမ်းညွှန်ချက်များ၊ မူဝါဒများ၊ စည်းကမ်းချက်များကို ချမှတ်ပေးမှသာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည် ဖြစ်သည့်အတွက် အစားအသောက်နှင့်ဆေးဝါးများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေးပြည့်မီရေးအတွက် သက်ဆိုင်ရာဦးစီးဌာနအလိုက် အကြံပြုချက်များ၊ လမ်းညွှန်ချက်များကို ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း၊ ပြည်သူလူထုအနေဖြင့် စံချိန်စံညွှန်းမီဆေးဝါးများ အသုံးပြုနိုင်စေရေး၊ ဈေးကွက်အတွင်း ဆေးဝါးများ ပြတ်လပ်မှုမရှိစေရေး၊ ဆေးဝါးများ၏ ဈေးနှုန်းများ တည်ငြိမ်မှုရှိစေရေးအတွက် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာခင်ဇော်က မြန်မာနိုင်ငံ အစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့၏ (၁/၂၀၂၃) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးခဲ့မှုများ၊ လက်ရှိဆောင်ရွက်ဆဲအခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သိဂီဇင်က တရားမဝင် အစားအသောက်/ ဆေးဝါး/ ဆေးပစ္စည်း၊ အလှကုန်/လူသုံးကုန်များနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍လည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ တာဝန်ရှိပုဂ္ဂိုလ်များကလည်းကောင်း ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးအကြံပြုကြသည်။

ယင်းနောက် တင်ပြဆွေးနွေးချက်များအပေါ် အသေးစိတ်ညှိနှိုင်းဆွေးနွေး၍ အစည်းအဝေးမှ ဆုံးဖြတ်ချက်များ ချမှတ်ကာ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌက ဖြည့်စွက်ပြောကြားသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသော ကိုယ်စားလှယ်များနှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**


# ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုစားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် ဧပြီ ၄**

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်သည် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန၏ ကျောက်စိမ်းခန်းမ၌ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပရာတွင် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၊ နေပြည်တော် လမ်းလျှောက်သင်္ကြန် ဇဟိုမဏ္ဍပ်နှင့် နေပြည်တော် လမ်းလျှောက်သင်္ကြန်တို့တွင် သင်္ကြန်အကအလှများဖြင့် ဝန်ကြီးဌာန ကိုယ်စားပြုကပြဖျော်ဖြေမည့် သင်္ကြန်ယိမ်းအဖွဲ့၏ ဇာတ်တိုက်လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ကျင်းပသော ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုစားသောက်ဖွယ်ရာများ ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက စနစ်တကျ ထုပ်ပိုးထားရှိသော ကြာရှည်ခံ အစားအစာများနှင့် အားဖြည့် အချိုရည်များကို တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်သည်။ ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖*ကျောဖုံးမှ*

ရန်ကုန်-မော်လမြိုင်-ရန်ကုန်နှင့် ရန်ကုန်-ပြည်-ရန်ကုန် ခရီးစဉ်များကို အောက်ပါနေ့ရက်များတွင် အထူးရထားများ တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ပါသည်-

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ရောက်ချိန် | | ပြေးဆွဲမည့် နေ့ရက် |
|---|---|---|---|---|---|---|
| | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အဆန်အထူးရထား | ရန်ကုန် | မော်လမြိုင် | ၀၇:၄၅ | ၁၇:၄၅ | ၁၁.၄.၂၀၂၄<br>၁၂.၄.၂၀၂၄<br>၁၃.၄.၂၀၂၄<br>၂၀.၄.၂၀၂၄<br>၂၁.၄.၂၀၂၄<br>၂၂.၄.၂၀၂၄ |
| ၂ | အစုန်အထူးရထား | မော်လမြိုင် | ရန်ကုန် | ၀၉:၁၅ | ၁၉:၁၀ | |
| ၃ | အဆန်အထူးရထား | ရန်ကုန် | ပြည် | ၁၃:၀၀ | ၂၀:၅၅ | |
| ၄ | အစုန်အထူးရထား | ပြည် | ရန်ကုန် | ၂၂:၃၀ | ၀၆:၃၀ | |
| ၅ | အဆန်အထူးရထား | ရန်ကုန် | မန္တလေး | ၁၀:၀၀ | ၀၃:၁၀ | ၁၂.၄.၂၀၂၄<br>၁၉.၄.၂၀၂၄<br>၂၁.၄.၂၀၂၄ |
| ၆ | အစုန်အထူးရထား | မန္တလေး | ရန်ကုန် | ၂၁:၃၀ | ၁၄:၄၀ | |

ရထားစီး ခရီးသွားပြည်သူများအား အထက်တန်းလက်မှတ်အား(၃)ရက်၊ ရိုးရိုးတန်း လက်မှတ်အား(၁)ရက်ကြိုတင်၍ ရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် နေပြည်တော်မှ ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် မြန်မာ့မီးရထား၊ စီးပွားရေးဌာန၊ ခရီးသည်ဌာနခွဲတွင် လျှောက်လွှာဖြင့် ကြိုတင်ဝယ်ယူနိုင်ကြောင်း သတင်းရရှိပါသည်။

**မြန်မာ့မီးရထား**



# ရန်ကင်းမြို့နယ်၌ ဥပ္ပါတသန္တိသုတ်ဒေသနာတော်ရွတ်ဖတ်ပူဇော်ပွဲကျင်းပ

**ရန်ကုန် ဧပြီ ၄**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ် (၁၄) ရပ်ကွက် မိုးကောင်းဘုရားလမ်း မိုးကောင်းဆုတောင်းပြည့် စေတီတော်မြတ်ကြီး ဘုရားရင်ပြင်တော်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရဟန်းရှင်လူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ဥပ္ပါတသန္တိသုတ်တော် ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၆ နာရီက ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ပဥ္စနိကာယကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တသုစိတ္တသာမိထံမှ အခမ်းအနားသို့ တက်ရောက်လာကြသည့် မိုးကောင်းဆုတောင်းပြည့် စေတီတော်မြတ်ကြီး ဂေါပကဥက္ကဋ္ဌ ဦးချိုလေးနှင့် ဂေါပကအဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းမင်းလတ်နှင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်အပေါင်းတို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်နှင့် ဧည့်ပရိသတ်အပေါင်းတို့ကလည်း ရတနာမြတ်သုံးပါး ဂုဏ်တော်တို့ကို ရွတ်ဖတ်ပူဇော်၍ သံဃာတော်များက ဥပ္ပါတသန္တိသုတ်တော်ကို အလှည့်ကျ ဆက်လက်ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

ဥပ္ပါတသန္တိ သုတ်တော်ရွတ်ဖတ်ပူဇော်ပွဲကို ဧပြီ ၃ ရက်မှ ၅ ရက်အထိ မိုးကောင်းဆုတောင်းပြည့် စေတီတော်မြတ်ကြီး ဘုရားရင်ပြင်တော်၌ ရွတ်ဖတ် ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**



# ကသာမြို့နယ် အောင်ချမ်းသာကျောင်းတိုက်၌ စာဖြေသံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း

**ကသာ ဧပြီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် အောင်ချမ်းသာကျေးရွာတွင် ဓမ္မာစရိယနှင့် ပါဠိပထမပြန် စာဖြေသံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက်ပိုင်းက အောင်ချမ်းသာဘုန်းတော်ကြီးကျောင်းတိုက်၌ ပြုလုပ်သည်။

ဦးစွာ အောင်ချမ်းသာကျောင်းတိုက်ဆရာတော် ဦးပဏ္ဍိဝံသ အမှူးပြု၍ ဆွမ်းအလှူရှင် ဒါယကာ၊ ဒါယိကာမများက ကသာမြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော ၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန် စာမေးပွဲဖြေဆိုကြသည့် စာဖြေသံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းပြီး ကသာမြို့မြောက်ကျောင်း ပရိယတ္တိစာသင်တိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြကာ စာမေးပွဲကြီးကြပ်ဆရာတော်များနှင့် စာဖြေသံဃာတော်များအား လှူဖွယ်ပစ္စည်းများကို အလှူရှင်များက ဆက်ကပ်လှူဒါန်းကြသည်။ **ကျော်စွာထွန်း(ကသာ)**

**ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် ၂၀၂၄ ခုနှစ် အစိုးရပါဠိပထမပြန် စာမေးပွဲကို ဧပြီ ၃ ရက်က ဖားကန့်မြို့ ကျောက်စိမ်းတွင်းသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပစဉ်။** (အဆိုပါ အစိုးရပါဠိပထမပြန် စာမေးပွဲသို့ ရဟန်း၊ သာမဏေ၊ သီလရှင်စာရင်းသွင်း ၁၅၃ ပါးဖြစ်ပြီး ဖြေဆို ၁၂၈ ပါးနှင့် ပျက်ကွက် ၂၅ ပါးရှိကာ စာမေးပွဲတွင် ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်း၊ အခြေပြုမူလတန်း ဘာသာရပ်တို့ကို ဧပြီ ၃ ရက်မှ ၉ ရက်အထိ ဖြေဆိုသွားမည်ဖြစ်ကြောင်း သိရသည်။) **မြို့နယ်(ပြန်/ဆက်)**



# လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံအရပ်ရပ်တွင် နွေရာသီကာလဖြစ်သည့် မတ်လ၊ ဧပြီလနှင့် မေလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပြန်တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး၊ အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း လေပြင်းတိုက်ခတ်မှု အကြိမ်ရေ (၆၅၀) ကျော် ဖြစ်ပွားခဲ့ပြီး နေအိမ်အဆောက်အဦပေါင်း (၂၁၇၀၀) ကျော် ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူသေဆုံး၊ ထိခိုက်၊ ဒဏ်ရာရမှုများလည်း ဖြစ်ပေါ်ခဲ့ပါသည်။

၃။ လေပြင်းတိုက်ခတ်မှုများကြောင့် ထိခိုက်မှုများ လျော့နည်းစေရန်အတွက် အသိပညာပေးခြင်း၊ လေပြင်းဒဏ် ခံနိုင်ရည်နည်းပါးနိုင်သည့် အိုးအိမ်များ ရွေးချယ်၍ အားဖြည့်ပြင်ဆင်ပေးခြင်းတို့ကို ဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၄။ ပြည်သူများအနေဖြင့်လည်း အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင် ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။

(ခ) လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့် နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင်တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

(ဂ) သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ငယ် အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာအုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။

(ဃ) အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။

(င) လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။

၅။ လေပြင်းတိုက်ခတ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

(က) လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်အတူလွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။

(ခ) တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင်နေထိုင်ပါ။

(ဂ) လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သောစားပွဲ (သို့မဟုတ်) ခိုင်ခံ့သော အရာဝတ္ထု တစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။

၆။ လေပြင်းတိုက်ခတ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။

(ခ) ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများနှင့် ဝေးရာတွင်နေပါ။

(ဂ) ထိခိုက်ဒဏ်ရာရရှိပါက နီးစပ်ရာကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုခံယူပါ။

(ဃ) ကာကွယ်စောင့်ရှောက်ပေးရန်လိုအပ်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ စသည့်အကူအညီလိုအပ်သူများကို တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။

၇။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီ တောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**





# နေပြည်တော်ကောင်စီနယ်မြေ၊ အေလာမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်တို့ရှိ အရေးကြီးနေရာများအား ဖောက်ခွဲဖျက်ဆီးခြင်းများပြုလုပ်ရန် အကြမ်းဖက်သမားများ လွှတ်တင်ခဲ့သည့် fixed Wing များအားလုံး ပစ်ချဟန့်တားနိုင်ခဲ့

**နေပြည်တော် ဧပြီ ၄**

နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်နှင့် အေလာမြို့နယ်တို့ရှိအရေးကြီးအဆောက်အဦများနှင့် နေရာဌာနများအား ဖောက်ခွဲဖျက်ဆီးရန်နှင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေရန် ယုတ်မာကောက်ကျစ်သည့်အကြံအစည်များဖြင့် အကြမ်းဖက်သမားများသည် ယနေ့နံနက် ၁၀ နာရီခွဲခန့်တွင် အေလာမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်အနီးတို့မှ Fixed Wing များ လွှတ်တင်ခဲ့ပြီး အကြမ်းဖက်ဖောက်ခွဲရေး လုပ်ရပ်များ လုပ်ဆောင်နိုင်ရန် ကြံစည်ကြိုးပမ်းလာခဲ့သည်။

ထိုသို့ ကြံစည်ကြိုးပမ်းလာခဲ့မှုအား နေပြည်တော်ကောင်စီနယ်မြေအတွင်း လေကြောင်းလုံခြုံရေးတာဝန်များထမ်းဆောင်လျက်ရှိသည့် လေကြောင်းရန် ကာကွယ်ရေး တပ်ဖွဲ့များက လေကြောင်းရန်ကာကွယ်ရေးစနစ်များဖြင့် ထောက်လှမ်းသိရှိခဲ့ရပြီး အဆိုပါ Fixed Wing များ အားလုံးကို လက်ဦးမှုရယူ ဟန့်တားနိုင်ခဲ့သည်။ ထိုသို့ လက်ဦးမှုရယူ ဟန့်တားနိုင်ခဲ့မှုကြောင့် နှစ်စင်းမှာ သတ်မှတ်နေရာမရောက်မီ လေထဲတွင်ပေါက်ကွဲပျက်စီးခဲ့ပြီး အခြား Fixed Wing အားလုံး ကိုလည်း ပစ်ချဟန့်တားနိုင်ခဲ့သည်။ အဆိုပါ ပစ်ချဟန့်တားခဲ့မှုကြောင့် မြေပြင်ပေါ်သို့ပျက်ကျခဲ့ရသည့် Fixed Wing များအနက် ၁၃ စင်းအား သိမ်းဆည်းရရှိခဲ့ပြီး ၎င်းတို့အနက် လေးစင်းတွင် ဖောက်ခွဲဖျက်ဆီးရေး ပစ္စည်းများပါရှိလာသဖြင့် စနစ်တကျဖောက်ခွဲ ဖျက်ဆီးခဲ့ရသည်။ အခြားမြေပြင်ပေါ်သို့ ပျက်ကျခဲ့သည့် Fixed Wing များအား သိမ်းဆည်းရမိရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဖြစ်စဉ်များတွင် လူနှင့် အဆောက်အဦများ ထိခိုက်ပျက်စီးမှုမရှိခဲ့ကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် အရေးပေါ်အခြေအနေများတွင် ဖြစ်ပေါ်လာသော အခြေအနေများအား လုံခြုံရေးအရ ချက်ချင်းတုံ့ပြန်နိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



အကြမ်းဖက်သမားများလွှတ်တင်ခဲ့သည့် fixed Wing များအား ပစ်ချဟန့်တားနိုင်ခဲ့ပြီး သိမ်းဆည်းရမိမှုအား တွေ့မြင်ရစဉ်။



ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများပါရှိသည့် fixed Wing များအား ဖောက်ခွဲဖျက်ဆီးထားရှိမှုအား တွေ့မြင်ရစဉ်။

---

# ဟူမ္မလင်းတွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူများ သေဆုံးဒဏ်ရာရရှိခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဧပြီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် မနေ့်သာကျေးရွာကို တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ဧပြီ ၁ ရက်က လေယာဉ်ဖြင့်ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူငါးဦးသေဆုံးပြီး ကိုးဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က ပြည်သူများ အထင်အမြင် လွဲမှားစေရန် လုပ်ကြံရေးသား ဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။



ဖြစ်စဉ်အမှန်မှာ KIA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ ဒေသခံပြည်သူများကို ဒလန်ဟုစွပ်စွဲ၍ ဖမ်းဆီးသတ်ဖြတ်ခြင်းများကို စစ်ကိုင်းတိုင်းဒေသကြီးတွင် ပစ်မှတ်ထား လုပ်ဆောင်လျက်ရှိရာ ယခုဖြစ်စဉ်မှာလည်း ဟုမ္မလင်းမြို့နယ်ရှိ ကျေးရွာများကို KIA နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ဧပြီလ ၁ ရက်နေ့မှစပြီး လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် မနေ့်သာကျေးရွာနှင့် အနီးဝန်းကျင်ရှိကျေးရွာများမှ ဒေသခံပြည်သူများ ထိခိုက်သေဆုံးခဲ့ရကြောင်း ဟုမ္မလင်းမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။


တရားမဝင်ပြည်ဖျက်မီဒီယာများသည် တပ်မတော်အပေါ် နိုင်ငံရေးအရ ထိုးနှက်တိုက်ခိုက်ရန်နှင့် ဂုဏ်သိက္ခာ ကျဆင်းစေရန်အတွက် မြေပြင်အခြေအနေနှင့် လွဲမှားနေသည့်သတင်းတု၊ သတင်းအမှားများကို လုပ်ကြံရေးသားပြီး ပြည်သူများ အထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်စာမျက်နှာများတွင် ရည်ရွယ်ချက်ရှိရှိရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

# မြန်မာနိုင်ငံသားတစ်ဦး စင်ကာပူနိုင်ငံသို့ သွားရောက်လည်ပတ်စဉ် ပျောက်ဆုံးခဲ့သည့် ငွေသားနှင့်ပစ္စည်းများအား ကာယကံရှင်ထံ ပြန်လည်ပေးအပ်

**နေပြည်တော် ဧပြီ ၄**

မြန်မာနိုင်ငံသားဖြစ်သူ ဒေါ်ခိုင်ခိုင်ဆွေသည် ရန်ကုန်အခြေစိုက် ဂန္တဝင် ခရီးသွားလာရေးကုမ္ပဏီဖြင့် ၂၀၁၅ ခုနှစ်တွင် စင်ကာပူနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့စဉ် အမေရိကန်ဒေါ်လာ ၁၀၄၈ ဒေါ်လာ၊ စင်ကာပူဒေါ်လာ ၇၈၉ ဒေါ်လာ၊ KBZ Master ကတ်တစ်ကတ်နှင့် AYA Bank ကတ်နှစ်ကတ်တို့အား ပျောက်ဆုံးခဲ့ကြောင်းသိရှိရသည်။



အဆိုပါ ပျောက်ဆုံးခဲ့သည့် ငွေသားနှင့် ပစ္စည်းများအား စင်ကာပူနိုင်ငံ၊ ရဲတပ်ဖွဲ့ Lost and Found ဌာနမှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ရှာဖွေတွေ့ရှိခဲ့သဖြင့် မြန်မာသံရုံး စင်ကာပူမြို့သို့ လာရောက်အပ်နှံခဲ့သည်။ မြန်မာသံရုံးအနေဖြင့် ကာယကံရှင် ဒေါ်ခိုင်ခိုင်ဆွေနှင့် အဆက်အသွယ် ရရှိနိုင်ရေးအတွက် နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးစားခဲ့သော်လည်း အဆက်အသွယ်မရသဖြင့် ၎င်းငွေသားနှင့် ပစ္စည်းများအား မြန်မာသံရုံး၌ စနစ်တကျ ထိန်းသိမ်းထားရှိခဲ့ကြောင်း သိရှိရသည်။

ယနေ့တွင် ဒေါ်ခိုင်ခိုင်ဆွေနှင့် အဆက်အသွယ်ရရှိခဲ့သဖြင့် မွန်းလွဲပိုင်း၌ သံရုံး ယာယီတာဝန်ခံ/သံအမတ် ဦးဇော်ဇော်စိုးနှင့် တာဝန်ရှိသူများက ထိန်းသိမ်းထားရှိထားသည့် ငွေသားနှင့် ပစ္စည်းများအား ကာယကံရှင်ဖြစ်သူ ဒေါ်ခိုင်ခိုင်ဆွေထံ ပြန်လည်လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

# ကို (တက္ကသိုလ်) ၏ "ဒုတိယကမ္ဘာစစ်အတွင်းက တိုက်ပွဲဝင် လေသူရဲမယ်များ" စာအုပ် ဖြန့်ချိရောင်းချ

**နေပြည်တော် ဧပြီ ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ကို (တက္ကသိုလ်) ၏ "ဒုတိယကမ္ဘာစစ်အတွင်းက တိုက်ပွဲဝင် လေသူရဲမယ်များ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

**ကိုယ်တွေ့မေးမြန်းရေးသားထား**

ယင်းစာအုပ်သည် ဒုတိယကမ္ဘာစစ်အတွင်းက ဆိုဗီယက် လေသူရဲမယ်တို့ ကိုယ်တွေ့ လေကြောင်းတိုက်ပွဲဆင်နွှဲခဲ့ပုံကို စိတ်ကူးမဟုတ်ဘဲ သက်ရှိထင်ရှား ကျန်ရစ်သူများအား ကိုယ်တွေ့မေးမြန်းရေးသားထားသည့် စာအုပ်ဖြစ်သည်။ တက္ကသိုလ်တက်နေဆဲ၊ ဘွဲ့ရပြီးသူအချို့နှင့် အလွှာပေါင်းစုံမှ ဆယ်ကျော်သက်အရွယ်အားလုံးက အမိမြေကို ကယ်တင်ချင်သည့်စိတ်၊ ပြည်သူတို့ကို ဖက်ဆစ်လက်အောက်မှ လွတ်မြောက်စေချင်သည့် စိတ်နှင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ကြောင့် အမျိုးသားလေသူရဲများနှင့်တန်းတူ လေ့ကျင့်ရ၊ စစ်ဆင်ရပြီး ရန်သူ့တိုက်လေယာဉ်၊ ရန်သူ့လေယာဉ်ပစ်အမြောက်စသည့်အန္တရာယ်များကြားမှ မိန်းမသားတန်မဲ့ ရှေ့တန်းကောင်းကင်ယံသို့ ပျံတက်တိုက်ပွဲဝင်ခဲ့ကြသည့် ပထမဦးဆုံးသော လေကြောင်းတိုက်ပွဲဝင် ဆိုဗီယက်ယူနီယံ၏ သူရဲကောင်း ဘွဲ့တံဆိပ်ရရှိသူ အမျိုးသမီးများအကြောင်း ရေးသားထားသည်။

ဒုတိယကမ္ဘာစစ်အတွင်းက အာဂလေသူရဲမယ်ကလေးများ၏ နိုင်ငံနှင့်လူမျိုးအတွက် တာဝန်ထမ်းဆောင်ခဲ့ပုံကို ယနေ့ လေသူရဲဟောင်းကြီးများ၏ မျိုးဆက်ဖြစ်သော အမျိုးသမီး လေသူရဲများနှင့် လေကြောင်းပညာကို စိတ်ဝင်စား၍ ပျံသန်းရေးလောကထဲသို့ ဝင်ရောက်ရန် တာစူနေကြသည့် ကျောင်းသူလူငယ်များကို ဗဟုသုတပေးစွမ်းနိုင်သော စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။

**ဆက်သွယ်ဝယ်ယူနိုင်**

အဆိုပါစာအုပ်ကို ရောင်းဈေး ကျပ် ၄၀၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ ရှိစာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉- ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

*(ယမန်နေ့မှအဆက်)*

**အခန်း(၃)**

**ပြည်ပအကူအညီရယူခြင်း**

၁၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဌာန၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း ပြည်ပအကူအညီကို ငွေသား၊ ပစ္စည်း၊ ဆောင်ရွက်ပေးမှုတို့ဖြင့် ရယူခွင့်ပြုနိုင်သည်။

၁၄။ ဇယား (၁)၊ (၃) နှင့် (၇) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသောငွေများဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂)၊ (၄) နှင့် (၈) တို့တွင် ဖော်ပြခွင့်ပြုသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်းနည်းလမ်း၊ ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှ ခွင့်ပြုသည့်နည်းလမ်းတို့ဖြင့် ခွင့်ပြုနိုင်သည်။ ယင်းသို့ခွင့်ပြုသည့် သုံးငွေများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ခွင့်ပြုခဲ့သည့်သုံးငွေများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

**အခန်း(၄)**

**ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ**

၁၅။ လူမှုဖူလုံရေးအဖွဲ့သည် မိမိ၏ လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် ရန်ပုံငွေတို့အပေါ်ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

၁၆။ (က) လူမှုဖူလုံရေးအဖွဲ့၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၇။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့၏ ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများ ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့အား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၁၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့က လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေတို့ဖြင့် ရပ်တည်ပြီး ယင်းရန်ပုံငွေမှ အကျိုးခံစားခွင့်များပေးရာတွင် လုံလောက်မှုမရှိ၍ တောင်းခံလာပါက ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ခြင်း၊ ထောက်ပံ့ခြင်းနှင့် လိုအပ်သည့် ချေးငွေများ ထုတ်ချေးခြင်း၊ လူမှုဖူလုံရေးအိမ်ရာစီမံကိန်းအတွက် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးခြင်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

**အပိုင်း ၃**

**နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**

**အခန်း (၁)**

**ရငွေများနှင့် သုံးငွေများ**

၁၉။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၂၀။ (က) ဇယား (၇) နှင့် (၈) တို့တွင် ဖော်ပြထားသည့် ရငွေများနှင့် သုံးငွေများသည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသော ငွေများဖြစ်သည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၇) နှင့် (၈) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ပုဒ်မခွဲ (ခ) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဃ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း(၂)**

**ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်**

၂၁။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် စီးပွားရေးဆန်ဆန် ဆောင်ရွက်ရမည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား (၇) တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်းများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား (၈) အရ ခွင့်ပြုထားသော သုံးငွေများကို လုပ်ငန်းအရ လိုအပ်လျှင် စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် သုံးငွေများကို အောက်ပါအတိုင်း ပြောင်းလဲပေးခြင်းနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ် ဆောင်ရွက်စေနိုင်သည်-

(၁) အဖွဲ့အစည်းတစ်ခု၏သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများ ပြောင်းလဲသုံးစွဲခြင်း၊

(၂) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်း။

(ဃ) ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(င) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

**အခန်း(၃)**

**နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်**

၂၂။ (က) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၇) နှင့် (၈)တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏ လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် လုပ်ငန်းလိုအပ်ချက်အရ ဇယား(၇)တွင် ဖော်ပြထားသော ရငွေများ တိုးခြင်း၊ လျော့ခြင်းနှင့်စပ်လျဉ်း၍ သော်လည်းကောင်း၊ ဇယား(၈)အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ သော်လည်းကောင်း၊ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ သော်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်လွှဲအပ်ချက်အရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ ပြောင်းလဲနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

**အခန်း(၄)**

**ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**

၂၃။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။ ထိုသို့ သတ်မှတ်ပေးခြင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ အကျိုးအကြောင်း ဖော်ပြချက်နှင့်အတူ အစီရင်ခံရမည်။

(ခ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ရပ်တည်ဆောင်ရွက်ကြရမည်။

(ဂ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ စုစုပေါင်းငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန် အလို့ငှာ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ဖော်ပြရမည်။

၂၄။ (က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၉) နှင့် (၁၀) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

*စာမျက်နှာ ၁၃ သို့*

*စာမျက်နှာ ၁၂ မှ*

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

၂၅။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား (၉) နှင့် (၁၀) တို့တွင် ဖော်ပြထားသော ရငွေများနှင့် သုံးငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းများ လုပ်ကိုင်ရန် ကနဦးရင်းနှီးမြှုပ်နှံငွေကို သတ်မှတ်ချက်နှင့်အညီ ထည့်ဝင်နိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေများကို မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသောဘဏ်များမှ သတ်မှတ်ချက်များနှင့်အညီ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်။

## အပိုင်း ၄
## အရေးပေါ်ရန်ပုံငွေ

၂၆။ (က) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ဇယား (၄)တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ယှဉ်တွဲဖော်ပြထားသည့် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အောက်ပါစည်းကမ်းချက်များနှင့်အညီသာလျှင် ဆောင်ရွက်ခွင့်ရှိသည်-

(၁) ကြိုတင်မမျှော်မှန်းနိုင်သည့် ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်ပေါ်လာသည့် ကိစ္စရပ်များအတွက် အသုံးစရိတ်ဖြစ်ခြင်း၊

(၂) ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် အထူးကိစ္စရပ်ဖြစ်ခြင်း၊

(၃) တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများအရ ခေါင်းစဉ်လွှဲပြောင်းကျခံရန်မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်းကျခံရန်အတွက် ရန်ပုံငွေမရှိခြင်း။

(ခ) ပုဒ်မခွဲ (က) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြရမည်။

(ဃ) နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ဇယား (၄) နှင့် (၁၄) တို့အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ်အတွင်း ကြိုတင်မမျှော်မှန်းနိုင်သည့် ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ကိစ္စရပ်များအတွက်သာလျှင် ဆောင်ရွက်ခွင့်ရှိသည်။ ဤပုဒ်မခွဲပါ အရေးပေါ်ရန်ပုံငွေဟူသော စကားရပ်တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ယှဉ်တွဲဖော်ပြပါ အရေးပေါ်ရန်ပုံငွေနှင့် သက်ဆိုင်ခြင်းမရှိစေရ။

(င) ပုဒ်မခွဲ (ဃ) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို နေပြည်တော်ကောင်စီ အစည်းအဝေး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(စ) နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ပုဒ်မခွဲ (ဃ) နှင့် (င) တို့အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံးကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြရမည်။

## အပိုင်း ၅
## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

၂၇။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့၏ ဘဏ္ဍာငွေအပေါ်ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၂၈။ (က) တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၁) နှင့် (၁၂) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၂၉။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ဇယား (၁၁) နှင့် (၁၂) တို့တွင် ဖော်ပြထားသော ငွေများကို လုပ်ငန်းအရ လိုအပ်လျှင်ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များအား လုပ်ငန်းလုပ်ကိုင်ရန် သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၃၀။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၆
## နေပြည်တော်ကောင်စီ

၃၁။ နေပြည်တော်ကောင်စီသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရမည်။ ထိုသို့ ဆောင်ရွက်၍ ရသော ရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃၂။ (က) နေပြည်တော်ကောင်စီ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၃) နှင့် (၁၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်ကောင်စီ၏ ဇယား (၁၃) နှင့် (၁၄) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အပိုင်း ၇
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၃၄။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိ၏ဘဏ္ဍာငွေအပေါ်ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

၃၅။ (က) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၅) နှင့် (၁၆)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၆။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ဇယား (၁၅) နှင့် (၁၆) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

*စာမျက်နှာ ၁၄ သို့*

*စာမျက်နှာ ၁၃ မှ*

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၃၇။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိနှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

### အပိုင်း ၈
### မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၃၈။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိမိ၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ မိမိ၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ရယူရမည်။

(ခ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေအဝင်နှင့် အထွက်ကို စာရင်းပြုစုရန်အလို့ငှာ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ဖော်ပြရမည်။

၃၉။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၇)နှင့် (၁၈)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း၊ ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄၀။ ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဇယား (၁၇) နှင့် (၁၈) တို့တွင် ဖော်ပြထားသော ရငွေများနှင့် သုံးငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ် ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

၄၁။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့်အခါ အသားတင်အမြတ်ငွေ၏ လေးဆယ်ရာခိုင်နှုန်းနှင့်ညီမျှသော ငွေပမာဏကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အထွေထွေသီးသန့်ငွေစာရင်းသို့ ပေးသွင်းပြီး၊ အသားတင်အမြတ်ငွေမှ ကျန်ရှိငွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ကိုင်ဆောင်ထားသော အစိုးရငွေချေး သက်သေခံလက်မှတ်များကို ရွေးယူရန် အသုံးပြုပြီးနောက် ကျန်ရှိသော အသားတင်အမြတ်လက်ကျန်ငွေကို နိုင်ငံတော်သို့ ထည့်ဝင်ရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

(ဂ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်ကုန်ဆုံး၍ အရှုံးပေါ်ပေါက်ပါက အဆိုပါအရှုံးကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အထွေထွေသီးသန့်ငွေစာရင်းမှ ခုနှိမ်ရမည်။

(ဃ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လိုအပ်ပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ ချေးငွေထုတ်ချေးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်ကို ပေါင်းစည်းပြီး Polytechnic University အဖြစ် ထူထောင်ရန် ကြိုးပမ်းလျက်ရှိ

**နေပြည်တော် မေ ၄**



သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၏ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် Polytechnic University များ ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ် (၂၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနတွင် သိပ္ပံနှင့်နည်းပညာဆိုင်ရာ လူသားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးလျက်ရှိရာ နေပြည်တော်နည်းပညာတက္ကသိုလ်အပါအဝင် နည်းပညာတက္ကသိုလ် ၃၄ ခု၊ ကွန်ပျူတာတက္ကသိုလ် ၂၇ ခု စုစုပေါင်း တက္ကသိုလ် ၆၁ ခု တို့ဖြင့် နိုင်ငံတော်၏ သိပ္ပံနှင့်နည်းပညာဆိုင်ရာ အခြေခံအုတ်မြစ် တည်ဆောက်နိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း၊ နိုင်ငံတကာကို လေ့လာပါက ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများစွာ တစ်နေရာတည်း စုစည်းဖွင့်လှစ်ပေးလျက်ရှိသည့် ကမ္ဘာ့အဆင့်မြင့်မားသော Polytechnic University များစွာရှိကြောင်း၊ မိမိတို့လည်း ယခုအခါ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်ကို ပေါင်းစည်းပြီး Polytechnic University အဖြစ် ထူထောင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ မူလအခြေခံ တက္ကသိုလ်များ၏ လက်ရှိအင်ဂျင်နီယာဘွဲ့၊ ကွန်ပျူတာဘွဲ့ သင်ရိုးညွှန်းတမ်းများပြောင်းလဲခြင်းမရှိဘဲ ဆက်လက်သင်ကြားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်တစ်ခုတည်းတွင် ဘာသာရပ်များ စုစည်းပို့ချနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး အခြားသောနည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များနှင့် သင်ကြားရေးကွာခြားမှုမရှိကြောင်း၊ သို့ဖြစ်၍ အရည်အသွေးမီ ဘွဲ့ကြို၊ ဘွဲ့လွန်ကျောင်းသားကျောင်းသူများနှင့် သုတေသီများ လေ့ကျင့်မွေးထုတ်ပေးနိုင်သည့် Polytechnic University များ တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်သွားရမည့်လုပ်ငန်းစဉ်များ သတ်မှတ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန်နှင့် စနစ်တကျဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က Polytechnic University ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်လာကြသည့် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန်၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ် (တာဝန်ခံ) များ၊ ဌာနမှူးများ၊ ဆရာ ဆရာမများက အကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသော ကိစ္စရပ်များ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ



**နေပြည်တော် မေ ၄**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက် Amazing Auto Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Auto Top Power Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dongfeng Honda ENS1 အမျိုးအစားလျှပ်စစ်သုံး မော်တော်ယာဉ်များ၊ Faw Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Faw Toyota bZ3 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Chin Dwin Shan Construction Co., Ltd. မှ တင်သွင်းလာသော Faw Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဥတ္တရသီရိမြို့နယ်၌ သောက်သုံးရေများ လှူဒါန်း

**ဥတ္တရသီရိ မေ ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ ရေအခက်အခဲရှိသော ရပ်ကွက်၊ ကျေးရွာများကို မြို့နယ်မီးသတ်ဦးစီးဌာနမှ မေ ၂ ရက်က သောက်သုံးရေများ အခမဲ့လှူဒါန်းပေးသည်။

ထိုသို့လှူဒါန်းရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးသက်နောင် ဦးဆောင်မှုဖြင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်းကာ ရွှေနံ့သာရပ်ကွက်၊ သဲဖြူကုန်းရွှေ့ပြောင်းကွက်သစ်ရှိ ရေအခက်အခဲရှိသည့် ပြည်သူများအား ရေဂါလန် ၂၄၀၀ ခန့်ကို မီးသတ်ယာဉ်နှစ်စီးဖြင့် သောက်သုံးရေများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်**

# ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၈၁၁၊ ၀၆၇-၃၄၀၄၈၂၂၊ ၀၆၇-၃၄၀၄၈၃၃၊ ၀၆၇-၃၄၀၄၈၄၄၊ ၀၆၇-၃၄၀၄၈၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေး ဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများ

## ကင်းလွတ်ခွင့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။
မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## လျှော့ပေါ့ခွင့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါက လည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ရွှေ့ဆိုင်းခွင့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း

# ခရမ်းလွန်ရောင်ခြည်အန္တရာယ်

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်မားစွာရှိနေသည့်အချိန်များတွင် ခရမ်းလွန်ရောင်ခြည်နှင့်ထိတွေ့မှုကြောင့်နေလောင်ခြင်း၊ အသားအရောင်ညိုမဲလာခြင်းတို့ကို ဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလ ကြာလာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများအရွယ်မတိုင်မီအိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းလာခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

**ကာကွယ်နိုင်မည့်နည်းလမ်းများ**

၁။ ခရမ်းလွန်ရောင်ခြည် မြင့်မားစွာကျရောက်နိုင်သည့် နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်းတွင် နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ပါက မိမိအသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့မိစေရန် မျက်နှာ၊ လည်ပင်းနှင့် ပခုံးတို့ကိုပါလုံခြုံသော ထီး၊ ဦးထုပ်စသည်တို့ကို ဆောင်းသွားပါ။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူ မဖောက်နိုင်သော ချည်သားထူထူပွပွ အဝတ်အထည်များကို ဝတ်ဆင်ပါ။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်းထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို ၉၉ ရာခိုင်နှုန်းအထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကိုတပ်ဆင်ပါ။

၃။ အဝတ်ကင်းလွတ်နေသော လက်၊ လည်ပင်းနှင့် ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့မဟုတ်) SPF ၁၅+ ပါဝင်သောနေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ (၁၅)မိနစ်ခန့်ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး (၂)နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ကလေးငယ်များနှင့်သက်ကြီးဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။ အသက်တစ်နှစ်အောက် ကလေးငယ်များကို နေပူထဲသို့ ခေါ်ဆောင်ခြင်း မပြုပါနှင့်၊ ကလေးများကို အရိပ်ထဲတွင်သာ ကစားစေပါ။

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ**









## မိုးနှောင်းချည်မျှင်ရှည်ဝါများကို စက်မှုဇုန်၊ ချည်မျှင်စက်ရုံနှင့် ရက်ကန်းစက်ရုံများမှ ဝယ်ယူလျက်ရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ပျိုးမှုအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ကျောက်ဆည်မြို့နယ်တွင် ၁၀၇၆၇ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၇၈၉၇ ဧက၊ မြစ်သားမြို့နယ်တွင် ၄၃၅၄ ဧက၊ စုစုပေါင်း ၂၃၀၁၈ ဧက စိုက်ပျိုးထားရှိပြီး လက်ရှိအချိန်တွင် ဧက ၄၃၀၀ ရိတ်သိမ်းပြီးဖြစ်ကြောင်း ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

### အရောင်းအဝယ်ဖြစ်လျက်ရှိ

ချည်မျှင်ရှည်ဝါ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်း ကျပ် ၃၀၀၀၀၀ ခန့်ကုန်ကျပြီး အထွက်နှုန်းမှာ တစ်ဧကလျှင် ချည်မျှင်ရှည်ဝါပိဿာ ၇၀၀ မှ ၈၅၀ ကြား ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် လက်ရှိပေါက်ဈေး ချည်မျှင်ရှည်ဝါ တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ဖြင့်လည်းကောင်း၊ ဂွမ်းတစ်ပိဿာလျှင် ကျပ် ၆၀၀၀ ဖြင့်လည်းကောင်း၊ ဝါစေ့တစ်ပိဿာလျှင် ကျပ် ၁၂၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိပြီး မန္တလေးမြို့ရှိ စက်မှုဇုန်များ၊ ပြည်တွင်းရှိ ချည်မျှင်စက်ရုံများနှင့် ရက်ကန်းစက်ရုံများမှ ဝါဂွမ်းများကို လာရောက်ဝယ်ယူကြကြောင်း၊ အကျိုးအမြတ်အနေဖြင့် အထွက်နှုန်း ပိဿာ ၇၀၀ ဖြင့် တွက်ချက်ပါက ကျပ် ၁၈ သိန်းခန့် အကျိုးအမြတ်ရရှိကြောင်း ဝါသီးနှံစိုက်ပျိုးသည့် တောင်သူတစ်ဦးထံမှ သိရသည်။

**DOCA (မန္တလေး)**



ကျောက်ဆည်ခရိုင်အတွင်းမှ ချည်မျှင်ရှည်ဝါစိုက်ခင်းများ။

## ကော့သောင်းကုန်သွယ်ရေးစခန်း၌ မတ်လ ကုန်သွယ်မှုလျာထားချက်ထက် ကျော်လွန်ဆောင်ရွက်နိုင်

ကော့သောင်းကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိက တင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိက တင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ပုစွန်၊ ရေဘဝဲ၊ ကဏန်း၊ ကင်းမွန် (စို/ခြောက်)နှင့် ငါးပါကင်တို့ဖြစ်သည်။

ယခုနှစ် မတ်လ၏ ကုန်သွယ်မှုလျာထားချက်မှာ အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၅ သန်း ဖြစ်ပြီး မတ်လကုန်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ဒေါ်လာ ၃၆ ဒသမ ၀၆၃ သန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် လျာထားချက်အပေါ် ၁၄၇ ဒသမ ၁၉၆ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

မတ်လ ၃၁ ရက်နှင့် ဧပြီ ၁ ရက်တွင် ပို့ကုန်တင်ပို့မှုအနေဖြင့် ရေထွက်ကုန်ပစ္စည်းအုပ်စုတွင် ၁၈၀၂ ဒသမ ၂၈၈ တန်၊ လယ်ယာထွက်ကုန်ပစ္စည်းအုပ်စုတွင် ၁၄၉၈ ဒသမ ၀၆၂ တန်နှင့် အခြားပစ္စည်းအုပ်စုတွင် ၁၅ တန် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

## ကျောက်ဆည်ခရိုင်တွင် ဆောင်းပဲတီစိမ်းသီးနှံများ ရိတ်သိမ်းလျက်ရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထား လုပ်ကိုင်ကြပြီး ပဲမျိုးစုံသီးနှံတစ်မျိုးဖြစ်သည့် ပဲတီစိမ်းသီးနှံကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်းပဲတီစိမ်းသီးနှံကို ကျောက်ဆည်မြို့နယ်တွင် ၂၂၇၅ ဧက၊ မြစ်သားမြို့နယ်တွင် ၁၁၈၁ ဧက၊ စုစုပေါင်း ၃၄၅၆ ဧက စိုက်ပျိုးထားရှိပြီး မတ်လ တတိယပတ်တွင် ဧက ၁၁၄၀ ကို ရိတ်သိမ်းပြီးဖြစ်ကြောင်း ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန၏ စာရင်းများအရ သိရသည်။



ပဲတီစိမ်းသီးနှံစိုက်ပျိုးရာတွင် ကျောက်စိမ်းမျိုး၊ ရေဆင်း-၁ မျိုးများကို အများဆုံး စိုက်ပျိုးကြပြီး တစ်ဧကစိုက်လျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်း ကျပ်သုံးသိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းမှာ တစ်ဧကလျှင် ၁၂ တင်းမှ ၁၃ တင်းကြား ထွက်ရှိပြီး ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၄၅၀၀၀ ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် အထွက်နှုန်း ၁၃ တင်းနှုန်းဖြင့် တွက်ချက်ပါက ကျပ် ၂၈၅၀၀၀ ရရှိ၍ ပဲတီစိမ်းသီးနှံစိုက်ပျိုးသည့် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**DOCA (မန္တလေး)**

## ပဲယင်းသီးနှံ စိုက်ကေအားလုံးရိတ်သိမ်းပြီးစီး၍ တောင်သူများ အကျိုးအမြတ်ရရှိနေ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် ပဲမျိုးစုံသီးနှံများကို စိုက်ပျိုးလျက်ရှိရာ မြစ်သားမြို့နယ်တွင် ပဲယင်းသီးနှံကို အများဆုံး စိုက်ပျိုးကြကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပဲယင်းစိုက်ဧက ၅၁၈ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး လက်ရှိအချိန်တွင် စိုက်ဧကအားလုံး ရိတ်သိမ်းပြီးဖြစ်ကြောင်း ခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ပဲယင်းစိုက်ပျိုးရာတွင် မျိုးအနေဖြင့် ပဲယင်းအသေးမျိုးကို အများဆုံး စိုက်ပျိုးကြပြီး ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်း ကျပ် ၁၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ၁၀ တင်းမှ ၁၅ တင်းအထိ ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် ပဲယင်းတစ်တင်းလျှင် ကျပ် ၄၈၀၀၀ ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကထွက်ရှိမှု ၁၀ တင်းနှုန်းဖြင့် တွက်ချက်ပါက ကျပ် ၃၈၀၀၀၀ ရရှိရာ ကုန်ကျစရိတ်သက်သာ၍ အထွက်နှုန်းကောင်းပြီး အကျိုးအမြတ်ရရှိသော ပဲယင်းသီးနှံကို တောင်သူများ အများဆုံးစိုက်ပျိုးသင့်ကြောင်း သိရသည်။

**DOCA (မန္တလေး)**

## ၃-၄-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ (ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၂၅၀ | ၁၆၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၇၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၃၃၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၀၅၀ | | ၇၅၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၁၄၅၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၅၅၀၀ | ၁၃၀၀ | ၁၀၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |
| ၄ | တောင်ကြီး | ၃၄၅၀ | ၃၂၀၀ | ၆၈၀၀ | ၁၆၅၀၀ | ၅၈၀၀ | ၁၉၀၀၀ | ၃၅၀၀ | ၁၂၅၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၄၄၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၅ | လွိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၅၀၀ | | ၅၇၀၀ | ၁၅၅၀၀ | ၅၉၀၀ | ၁၂၀၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၆၈၀၀ | ၇၀၀၀ | ၈၀၀ | ၈၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၁၁၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၉၅၀ | | ၆၈၀၀ | ၁၇၀၀၀ | ၆၀၂၅ | ၁၂၀၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၄၀၀၀ | | ၆၀၀၀ | ၁၆၅၀၀ | ၆၁၀၀ | ၁၂၀၀၀ | ၂၈၀၀ | ၁၆၄၀၀ | ၁၁၅၀၀ | ၈၆၀၀ | ၇၃၀၀ | ၁၀၀၀ | ၉၂၀၀ | ၇၁၀၀ | ၃၄၀၀ | ၃၂၀၀ | ၄၅၀၀ | ၁၁၅၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၁၀ | ရန်ကုန် | ၃၈၀၀ | | ၅၆၀၀ | ၁၆၀၀၀ | ၅၆၀၀ | ၁၃၀၀၀ | ၃၆၀၀ | ၁၇၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၈၀၀ | ၇၅၀၀ | ၆၆၀၀ | ၆၀၀၀ | ၂၈၀၀ | ၅၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၆၅၀ | | ၅၃၅၀ | ၁၆၀၀၀ | ၅၆၈၀ | ၅၅၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၈၀၀ | ၆၅၀၀ | ၆၀၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၂၅၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ဟားခါး | ၇၅၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၄ | မုံရွာ | ၃၆၀၀ | ၃၀၅၀ | ၆၄၀၀ | ၁၃၅၀၀ | ၆၂၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၆၉၀၀ | ၇၂၀၀ | ၄၅၀၀ | ၂၈၀၀ | ၄၂၀၀ | ၉၅၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၅ | မန္တလေး | ၄၅၀၀ | | ၇၀၀၀ | ၁၄၀၀၀ | ၆၀၅၀ | ၁၀၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၈၀၀ | ၆၀၀၀ | ၂၈၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၆၃၀၀ | ၁၂၅၀၀ | ၅၈၀၀ | ၁၄၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၇၅၀ | ၇၅၀၀ | ၇၅၀၀ | ၃၅၀၀ | ၂၂၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၇ | မကွေး | ၃၇၀၀ | | ၇၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၂၅၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၁၅၀၀ | ၉၀၀၀ | ၅၅၀၀ | ၇၀၀ | ၆၅၀၀ | ၆၄၀၀ | ၄၀၀၀ | ၂၅၀၀ | ၄၈၀၀ | ၁၂၅၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၈ | ပြည် | ၃၄၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၈၀၀၀ | ၂၆၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | | ၆၀၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၃၀၀၀ | ၃၄၀၀ | ၃၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၂၀၀ | | ၅၅၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၂၀၀၀ | ၂၇၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀ | ၇၅၀၀ | ၆၃၀၀ | ၃၇၀၀ | ၂၂၀၀ | ၄၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၆၅၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၄၀၀၀ | ၂၇၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၆၅၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၃၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၆၂၀၀ | ၆၂၀၀ | ၅၀၀ | ၇၅၀၀ | ၆၄၀၀ | ၄၂၀၀ | ၂၇၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၄၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | | ၁၅၀၀၀ |

## မြန်မာ့ယဉ်ကျေးမှုနှင့်ဆန့်ကျင်သော တေးသီချင်းဗီဒီယိုများကို လူမှုကွန်ရက်ပေါ်တွင်လွှင့်တင်သူများအား ဥပဒေနှင့်အညီ အမှုဖွင့်ဆောင်ရွက်လျက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာနသည် ၁၉၉၆ ခုနှစ် ရုပ်ရှင်ဥပဒေနှင့် ၁၉၉၆ ခုနှစ် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေများနှင့်အညီ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ ရိုက်ကူးထုတ်လွှင့်ပြသမှုများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ အချို့သော တေးသီချင်းဗီဒီယိုရိုက်ကူးထုတ်လွှင့်သူများသည် ထင်ပေါ်ကျော်ကြားမှု ရရှိစေရေးအတွက် မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်ပြီး မောင်နှမသားချင်း၊ မိသားစုဝင်ချင်း အတူတကွ ကြည့်ရှုရန်ပင် မသင့်လျော်သော၊ ဟီရိဩတ္တပ္ပတရားကင်းမဲ့သော တေးသီချင်းဗီဒီယိုများကို အရှက်သိက္ခာမဲ့စွာ ရိုက်ကူးထုတ်လွှင့်နေကြသည့်အတွက် သက်ဆိုင်ရာ အစည်းအရုံးများက ထိန်းကျောင်းကြပ်မတ်ပေးပါရန် ပြန်ကြားရေးဝန်ကြီးဌာနက ၁၃-၁-၂၀၂၄ ရက်နေ့တွင် သတိပေးတားမြစ်ခဲ့ပြီး ဖြစ်ပါသည်။

ထို့ပြင် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ဖြန့်ချိ၊ မျှဝေ၊ ပြသ၊ ရောင်းချလျက်ရှိသည့် ဇာတ်လမ်းကား၊ မှတ်တမ်းကား၊ မော်ကွန်းတင်ကား၊ သတင်းကား၊ ဖျော်ဖြေရေးကား သို့မဟုတ် ပညာပေးကားများကိုလည်း ၁၃-၃-၂၀၂၄ ရက်နေ့တွင် အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်၍ စနစ်တကျ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ လူမှုကွန်ရက်တွင် "ဘီယာဗိုက်"အမည်ဖြင့် အရှက်သိက္ခာကင်းမဲ့စွာ တေးသီချင်းဗီဒီယို ရိုက်ကူးထုတ်လွှင့်ပြသခဲ့သော အဆိုတော် မေသူ၊ ဟာသသရုပ်ဆောင် အိုကေနှင့် အခြားသက်ဆိုင်သူများအား ရန်ကုန်မြို့ ဗဟန်းမြို့မရဲစခန်းတွင် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ - ၃၃(က)ဖြင့် အမှုဖွင့်ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

သို့ပါ၍ တေးသီချင်းဗီဒီယိုများ ရိုက်ကူးထုတ်လွှင့်ရာတွင် မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်ပြီး ဟီရိဩတ္တပ္ပတရားကင်းမဲ့သည့် ပြောဆိုမှုများ၊ ရိုက်ကူးထုတ်လွှင့်မှုများ မပြုကြပါရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစု(လီမိတက်)၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်အစားထိုးရွေးချယ်ပွဲ ကျင်းပ

**နေပြည်တော် ဧပြီ ၄**

နေပြည်တော် ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစု(လီမိတက်)၏ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်မှ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်အထိ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မြို့နယ်သမဝါယမအသင်းစုအစည်းအဝေးခန်းမ၌ကျင်းပရာ နေပြည်တော် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယုယုအေး၊ သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အသင်းဝင် ၁၀၆ သင်းမှ အသင်းဝင်ကိုယ်စားလှယ် ၉၈ ဦး တက်ရောက်ခဲ့သည်။

အစည်းအဝေးပထမပိုင်းတွင် ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစု(လီမိတက်) ဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်ကာ အဖွင့်အမှာစကား ပြောကြားပြီး နေပြည်တော် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယုယုအေးက အမှာစကားပြောကြားသည်။ **(အောက်ဝဲပုံ)**

ထို့နောက် အစည်းအဝေးတွင် အသင်း၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ၊ ရှေ့လုပ်ငန်းစဉ်များ၊ အသင်း စာရင်းစစ်အစီရင်ခံစာများ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေမှု အစီရင်ခံစာများကို ဒါရိုက်တာအဖွဲ့ဝင်များက ဖတ်ကြားခဲ့ပြီး တက်ရောက်လာသော အသင်းဝင်ကိုယ်စားလှယ်များ၏သဘောတူညီချက်ရယူကာ သဘာပတိက အတည်ပြုပေးခဲ့သည်။

ဆက်လက်၍ အမှုဆောင်အစားထိုးရွေးချယ်ပွဲကို တိုင်းအဆင့် ဖွဲ့စည်းရေးကော်မတီမှ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီကျင်းပခဲ့ရာ ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူး ဒေါ်ယုယုအေးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမှုဆောင်အဖွဲ့အသစ်အား အဆိုပြုထောက်ခံစနစ်ဖြင့် ဒါရိုက်တာအဖွဲ့ငါးဦးကို ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## သာသနာဝင်စိစစ်ရေးကတ်ပြားများ ကျောက်မဲမြို့နယ်၌ ဆောင်ရွက်ပေး

**သီပေါ ဧပြီ ၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနအနေဖြင့် ပန်းခင်းစီမံချက် (၃) အရ သာသနာဝင် ရဟန်း၊ ရှင်သာမဏေများနှင့် သာသနာ့နွယ်ဝင်သီလရှင် ဆရာလေးများအား သာသနာဝင် စိစစ်ရေးကတ်များကို ယနေ့နံနက်က ကျောက်မဲအောင်ဆုပန်ဘုန်းတော်ကြီးကျောင်း၊ နားခေါ်ကျေးရွာ စာသင်တိုက်နှင့် မိုင်းလုံမြို့နယ် စန့်ဟိန်းဘုန်းတော်ကြီးကျောင်းတို့တွင် သာသနာဝင် စိစစ်ရေးကတ်များ ဆောင်ရွက်ပေးသည်။



အဆိုပါ သာသနာ့နွယ်ဝင်ကတ်များကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးထင်အောင်နှင့် ဝန်ထမ်းများက ရဟန်း၊ ရှင်သာမဏေနှင့် သာသနာ့နွယ်ဝင်သီလရှင် စုစုပေါင်း ၅၇ ပါးကို ပြုလုပ်ဆောင်ရွက် ဆက်ကပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**စိုင်း(သီပေါ)**

## ရွှေတောင်မြို့နယ်၌ ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေး ပညာပေးဆွေးနွေး

**ရွှေတောင် ဧပြီ ၄**

ရွှေတောင် မြို့နယ်စိုက်ပျိုးရေး မွေးမြူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့်အဖွဲ့ဝင်များ၊ ပြည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီအရာရှိ ဒေါ်မြင့်မြင့်သိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် စိုက်ပျိုးရေး မွေးမြူရေးကြီးကြပ်မှုကော်မတီပါ ဌာနဆိုင်ရာများမှ မယားမာန်ကျေးရွာအုပ်စု စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြု လေ့ကျင့်မှုစခန်း (CLC)၌ ယမန်နေ့က ၂၀၂၄ - ၂၀၂၅ မိုးစပါးပန်းတိုင်အထွက်နှုန်း ပြည့်မီရေးနှင့် ပဲစင်းငုံ၊ ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေး ပညာပေးဆွေးနွေးပွဲ ကျင်းပသည်။ **(အောက်ပုံ)**

ဦးစွာ အခမ်းအနားတွင် ရွှေတောင်မြို့နယ် စိုက်ပျိုးရေး မွေးမြူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက ကျေးရွာအုပ်စုများရှိ ယာမြေများတွင် မုံရွာရွှေဒင်္ဂါးမျိုး (သက်တမ်း ၆ လ)ရှိ အထွက်ကောင်းမျိုး ပဲစင်းငုံသီးနှံစိုက်ပျိုးရန် အသိပညာပေးဆွေးနွေးခဲ့ပြီး ပြည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သိန်းက မျိုးကောင်း မျိုးသန့်များ ရရှိနိုင်ရေး၊ ပဲစင်းငုံမျိုးများ၏ အရည်အသွေးလက္ခဏာများနှင့် စိုက်ပျိုးနည်းစနစ်ကောင်းများ ရရှိရေး စိုက်နည်းစနစ်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်သော တောင်သူများက ပြန်လည်ဆွေးနွေးတင်ပြကြရာ သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကိုကိုမင်း(ပြန်/ဆက်)**




မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဇော်ပိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၄ - ၄ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၀၀ ကျပ် | ၂၄၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၄၅ ကျပ် | ၂၄၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၉၅ ကျပ် | ၂၈၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၉၁၅ ကျပ် | ၂၉၆၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၄၀၀ | ၈၄၀၀ | ၄၄၈ | ၃၇၆၃၂၀၀ |
| MTSH | ၂၈၅၀ | ၂၉၀၀ | ၆၈၀ | ၁၉၄၄၃၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၅၀၀ | ၁၅၀၀ | ၁၀၃ | ၁၅၄၅၀၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၂၀၄ | ၅၁၀၀၀၀ |
| EFR | ၁၇၀၀ | ၁၇၅၀ | ၁၅၂ | ၂၅၈၄၅၀ |
| AHPC | ၄၅၀၀ | ၄၇၀၀ | ၈ | ၃၇၄၀၀ |
| MAEPC | ၁၉၀၀ | ၁၈၅၀ | ၁၀၈ | ၂၀၅၁၅၀ |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/56547, Star Sky 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးကို ၁၄/ကကထ(နိုင်)၁၇၃၃၈၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 63W/25215, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြတ်ကို ၈/ပဖန(နိုင်)၁၃၃၃၃၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မင်းဘူး)**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## ရုံးလုပ်ငန်းသုံး ပရိဘောဂပစ္စည်း စာအုပ်တင်သံစင်(၅)ဆင့် နှစ်ဖက်ပါဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အတွက် အသုံးပြုရန် လိုအပ်သော စာအုပ်တင်သံစင်(၅)ဆင့်နှစ်ဖက်ပါ (၄၀)စင်ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၈-၄-၂၀၂၄)ရက်မှ (၂၉-၄-၂၀၂၄)ရက်အထိ နေ့စဉ် (၀၉:၃၀)နာရီမှ (၁၆:၃၀)နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် တစ်စောင်လျှင် ငွေကျပ်(၂၀၀၀/-) နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံများ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏ မှတ်ပုံတင်ကတ်ပြား(သို့မဟုတ်) လုပ်ငန်းလိုင်စင်မိတ္တူတင်ပြရပါမည်။

၃။ အိတ်ဖွင့်တင်ဒါများကို(၂၉-၄-၂၀၂၄)ရက်နေ့ (၀၉:၃၀)နာရီမှ (၁၆:၀၀)နာရီ အတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင်ဖြစ်စေ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်(၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဖြစ်စေ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း- ၀၆၇-၃၄၁၂၃၆၉၊ ၀၆၇-၃၄၁၂၆၂၄၊ ၀၆၇-၃၄၁၂၂၀၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**- ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း- ၀၆၇-၃၄၁၂၃၆၉၊ ၀၆၇-၃၄၁၂၆၂၄၊ ၀၆၇-၃၄၁၂၂၀၉၊**
**- အမှတ်(၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၁၈-၃၈၄၈၁၃၊ ၀၁၈-၃၇၁၃၄၀**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများ ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**- ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း- ၀၆၇-၃၄၁၂၃၉၀**
**- အမှတ်(၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၁၈-၃၈၄၈၁၃၊ ၀၁၈-၃၇၁၃၄၀**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ ပစ္စည်း/လုပ်ငန်းများအား အိတ်ဖွင့်တင်ဒါစနစ် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူဆောင်ရွက်လိုကြောင်း ကြော်ငြာအပ်ပါသည်-

| စဉ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (၁) | 11/3.3 kV 1.6 MVA Transformer & Substation Accessories (1 Set) 11/0.4 kV,100 kVA (2 Nos) & 11/0.4 kV,200 kVA Transformer(1 No) | 1 Lot |
| (၂) | 65' x 30' x 5' Pontoon (1 No) & Ø 30" x 10' M.S Pipe (150 Nos) & Ø 20" x 10' M.S Pipe (10 Nos) | 1 Lot |
| (၃) | 9 Cusec Submersible Pump & 22 kW Motor Complete Set | 1 Set |
| (၄) | Ø 20"x10' Flexible Pipe with Flange(12Nos)&DN 550 mm Floater(6 Nos) | 1 Lot |
| (၅) | ≥ 650 Wp Solar Panel (215 Nos) & 6 kW Solar Controller Inverter (6 Nos) | 1 Lot |
| (၆) | Electrical Measuring Instruments (5 Items) | 1 Lot |
| (၇) | တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများဝယ်ယူခြင်း (မိတ္ထီလာလွင်ပြင်၊ ဆောက်အင်း၊ ဆီမီးခုံ-၃၊ သရက်ချောင်းစီမံကိန်း) | 1 Lot |
| (၈) | အုပ်ချုပ်မှု/ပုံမှန်လုပ်ငန်းသုံး/စီမံကိန်းဒီဇယ်ဆီ | 145488 Gals |
| (၉) | Rebound Hammer Test & CBR Test (Tools & Equipment) | 1 Lot |
| (၁၀) | GNSS,RTK,GPS Instrument | 1 Lot |
| (၁၁) | Ø 10"x 5.8m (13.5 bar) (41 Nos) , Ø 6" x 5.8 m (13.5 bar) (50 Nos), Ø 6"x5.8 m (8.5 bar)(32 Nos) PVC Pipe& Ø 4"x10' Screen PVC Pipe (15 Nos), Ø 6" x 10' Screen PVC Pipe (15 Nos) | 1 Lot |
| (၁၂) | 5.5 kW Submersible Pump (3 Sets) & 4 kW Submersible Pump (4 Sets) | 1 Lot |
| (၁၃) | RG Drilling Rig Spare Parts (3 Items) | 1 Lot |
| (၁၄) | Bourne Drilling Rig Spare Parts (3 Items) | 1 Lot |
| (၁၅) | Tone Drilling Rig Spare Parts (3 Items) | 1 Lot |
| (၁၆) | Multiparameter Meter & Accessories | 1 Set |
| (၁၇) | Water Quality Portable TestKits (3 Sets) & Borehole Logging Probe (1 Set) | 1 Lot |
| (၁၈) | မြေသယ်ယာဉ်ဌားရမ်းခြင်းလုပ်ငန်း (ဌာနဆီပေး)(သရက်ချောင်း) | 1 Job |
| (၁၉) | Assessment of Water Resources for Agriculture Water Supply in Union Teritory လုပ်ငန်း (နေပြည်တော်) | 1 Job |
| (၂၀) | Design & Estimation for Pahtanago Pump Irrigation Scheme (500 Acres) လုပ်ငန်း (မကွေးခရိုင် ၊ ပဌနဂိုရ်ကျေးရွာ) | 1 Job |
| (၂၁) | ရေအရင်းအမြစ်စူးစမ်းလေ့လာခြင်းလုပ်ငန်းများတွင် ဂြိုလ်တုဓာတ်ပုံ (Satellite Image) များ အသုံးပြုနိုင်ရန်ဆောင်ရွက်ခြင်းလုပ်ငန်း | 1 Job |
| (၂၂) | IOT (Internet Of Things) System Installation လုပ်ငန်း (2 Sets) | 1 Job |

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၃-၄-၂၀၂၄ရက်မှ ၂၄-၄-၂၀၂၄ရက်အထိ
**တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၄-၄-၂၀၂၄ရက်၊ မွန်းတည့် (၁၂:၀၀)နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံများအား သတ်မှတ်ရက်အတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)၊ ဖြည့်တင်းရေးဌာနခွဲ-၂၊ ရုံးအမှတ်(၅၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၃၁၂၂၇၊ ၀၆၇-၃၄၃၁၂၉၅၊ ၀၉-၄၂၆၈၀၃၀၄၃၊ ၀၉-၆၉၆၀၀၀၃၃၀ တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

## ပြင်ဆင်ဖတ်ရှုပါရန်

၄-၃-၂၀၂၄ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၃၀) တွင် ပါရှိသော ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း ကြော်ငြာတွင် 76W/95712 အစား 67W/ 95712 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူနှင့် ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 21U/5927, Higo HG-125 ZH(125cc)3/W MC (Truck Body) (3x1)ယာဉ်လက်ဝယ်ရှိသူ Khin Pyone Yadanar Co;ltd က (ကမ-၃)မိတ္တူနှင့်ဖောင်းကြွပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းရုံး(မကွေး)**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## Cache Server ဝယ်ယူတည်ဆောက်ခြင်းလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)တွင် အသုံးပြုရန်အတွက် Cache Server ဝယ်ယူတည်ဆောက်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါ သည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၈-၄-၂၀၂၄)ရက်နေ့မှ (၂၉ -၄-၂၀၂၄)ရက်နေ့အထိ နေ့စဉ် (၀၉:၃၀)နာရီမှ (၁၆:၃၀)နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် တစ်စောင်လျှင် ငွေကျပ် (၁၀,၀၀၀/-) နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံများ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏မှတ်ပုံတင်ကတ်ပြား(သို့မဟုတ်)လုပ်ငန်းလိုင်စင်မိတ္တူတင်ပြရပါမည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၂၉-၄-၂၀၂၄)ရက်နေ့ (၀၉:၃၀)နာရီမှ (၁၆:၀၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင်ဖြစ်စေ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်(၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း(အောက်) ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်းဒေသကြီးတွင်ဖြစ်စေ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း- ၀၆၇-၃၄၁၂၃၆၉၊ ၀၆၇-၃၄၁၂၆၂၄၊ ၀၆၇-၃၄၁၂၂၀၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**- ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း - ၀၆၇-၃၄၁၂၃၆၉၊ ၀၆၇-၃၄၁၂၆၂၄၊ ၀၆၇-၃၄၁၂၂၀၉၊**
**- အမှတ်(၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း (အောက်ဘလောက်) ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၁-၈၂၀၁၉၃၆၊ ၀၁-၈၃၇၁၃၄၀**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊**
**ပြန်ကြားရေးဝန်ကြီးဌာန**
**- ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း- ၀၆၇-၃၄၁၂၃၉၀**
**- အမှတ်(၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း (အောက်ဘလောက်) ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၁-၈၂၀၁၉၃၆၊ ၀၁-၈၃၇၁၃၄၀**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊နည်းဥပဒေ-၂၀)
## ပြည်ခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၃

Denko Trading Co.,Ltd နှင့် ဦးမိုးမြင့်ဝင်း
(၎င်း၏ကိုယ်စားတာဝန်လွှဲအပ်ခြင်းခံရသူ- ဒုတိယအထွေထွေမန်နေဂျာ-ဒေါ်အေးအေးခိုင်)
(တရားလို) (တရားပြိုင်)

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့၊ ရတနာပုံရပ်ကွက်နေ တရားပြိုင် ဦးမိုးမြင့်ဝင်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို Denko Trading Co.,Ltd(၎င်း၏ ကိုယ်စား တာဝန်လွှဲအပ်ခြင်းခံရသူ-ဒုတိယ အထွေထွေ မန်နေဂျာ- ဒေါ်အေးအေးခိုင်)က "စက်သုံးဆီဖိုး ကြွေးကျန်ငွေ- ၁၉၅,၃၁၅,၂၉၆- (ကျပ်တစ်ထောင့်ကိုးရာငါးဆယ့်သုံးသိန်းတစ် သောင်းငါးထောင့်နှစ်ရာ့ကိုးဆယ်ခြောက်တိတိ)ရလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၅ ရက် (၁၃၈၆ ခုနှစ်၊ တန်ခူးလဆုတ် ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်း များနှင့်သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးအေးမြင့်)**
**ခရိုင်တရားသူကြီး**
**ပြည်ခရိုင်တရားရုံး**

## အများပြည်သူသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့်အမည်-၅၃၅စီ၊ အုတ်ဖိုရိုးမြောက်၊ ဦးပိုင်အမှတ်-၁၅/၁၊ မြေဧရိယာ (၁၉၀/၁၂၅ပေx၁၇၀/၈၅ပေ)အကျယ်အဝန်းရှိ၊ ဥယျာဉ်ခြံ(ပလပ်)မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကွက်အမှတ်-4 C၊ ယမုံနာလမ်း၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော RCအမျိုးအစား(၅)ထပ်တိုက်(ဆောက်လုပ်ဆဲ) အဆောက်အအုံ (၁)လုံးအပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မင်္ဂလာဒုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကောက်ခံသည့် (မြေလပ်ခွန်) ပြေစာ(၁၉၉၀-၉၁)တွင်ဒေါ်ဝါဝါထွန်းအမည်ဖြင့်တည်ရှိပြီး ဒေါ်ဝါဝါထွန်းထံမှ(၂၄-၅-၂၀၂၄)ရက်စွဲပါ နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်စာချုပ် အရပ်ကတိ)စာချုပ်ဖြင့် ဝယ်ယူထားသူများ ဖြစ်ကြသော (၁)ဦးသိန်းဦး (၁၂/သဃက(နိုင်)၀၆၅၁၁၄)၊ (၂) ဦးကျော်ဇင်ဦး(၁၂/ဥကတ(နိုင်)၁၆၃၁၆၆)တို့ နှစ်ဦး ထံမှဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ(၁)လုံးအပါအဝင် ယင်းတို့နှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၉၆)**
**အမှတ်-၁၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၇၁၄၃၃**

**ဒေါ်ခင်မြတ်သူ (H.GP, LL.B, D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)**
**အမှတ်-၁၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉၈၆၃၅၁၂၊ ၀၉-၂၅၄၄၈၈၃၃၀**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## အခြားရုံးသုံးပစ္စည်းနှင့် ရုံးသုံးစက်ကိရိယာများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)တွင် အသုံးပြုရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁ | UPS 650 VA | 10 Nos |
| ၂ | External HDD 8TB | 10 Nos |
| ၃ | HDMI/ SDI Connector | 1 No |
| ၄ | USB Audio Interface | 1 No |
| ၅ | Online UPS 6KVA | 2 Nos |
| ၆ | Monitor 24" | 10 Nos |
| ၇ | Digital Camera with Lens | 25 Nos |
| ၈ | TV 32" Smart LED | 20 Nos |
| ၉ | TV 43" Smart LED | 2 Nos |
| ၁၀ | Cisco Management Switch | 1 No |
| ၁၁ | Blackmagic Design Cintel Scanner G3 HDR+ | 1 No |
| ၁၂ | Blackmagic Design Cintel Audio And KeyKode Reader | 1 No |
| ၁၃ | Work Station for Cintel Scanner | 1 No |
| ၁၄ | 12 Bay Storage Server | 1 No |
| ၁၅ | Desktop Computer | 45 Sets |
| ၁၆ | Printer | 15 Nos |
| ၁၇ | Scanner | 20 Nos |
| ၁၈ | Document Scanner | 1 No |
| ၁၉ | Laptop | 8 Nos |
| ၂၀ | Voice Recorder | 25 Nos |
| ၂၁ | Inkjet Color Printer | 25 Nos |
| ၂၂ | Digital Multifunction Copier | 5 Nos |
| ၂၃ | Digital Library Management System အသုံးပြုမည့်ပစ္စည်းများ | |
| | (a) Barcode Printer & Label | 40 Nos |
| | (b) Linear Imager Scanner | 40 Nos |
| | (c) Bluetooth Barcode Scanner | 40 Nos |
| ၂၄ | Column Mic | 53 Nos |
| ၂၅ | Duplex Printer | 1 No |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၈ - ၄ - ၂၀၂၄)ရက်နေ့မှ (၂၉ - ၄ - ၂၀၂၄) ရက်နေ့အထိ နေ့စဉ် (၀၉:၃၀)နာရီမှ (၁၆:၃၀)နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် တစ်စောင်လျှင် ငွေကျပ် (၁၀,၀၀၀/-) နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံများ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏ မှတ်ပုံတင်ကတ်ပြား (သို့မဟုတ်) လုပ်ငန်းလိုင်စင်မိတ္တူတင်ပြရပါမည်။

၃။ အိတ်ဖွင့်တင်ဒါများကို(၂၉-၄-၂၀၂၄)ရက်နေ့ (၀၉:၃၀)နာရီမှ (၁၆:၀၀)နာရီအတွင်း ပြန်ကြားရေး ဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင်ဖြစ်စေ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်(၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်ဖြစ်စေ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း- ၀၆၇-၃၄၁၂၃၆၉၊ ၀၆၇-၃၄၁၂၆၂၄၊ ၀၆၇-၃၄၁၂၂၀၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**- ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း - ၀၆၇-၃၄၁၂၃၆၉၊ ၀၆၇-၃၄၁၂၆၂၄၊ ၀၆၇-၃၄၁၂၂၀၉၊**
**- အမှတ်(၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၁-၈၃၈၄၈၁၃ ၀၁-၈၃၇၁၃၄၀**

**တင်ဒါတင်သွင်းရန် လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများ ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**- ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း- ၀၆၇-၃၄၁၂၃၉၀**
**- အမှတ်(၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း(အောက်)၊ကျောက်တံတားမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၁-၈၃၈၄၈၁၃ ၀၁-၈၃၇၁၃၄၀**

## အမည်ပြောင်း

ပုသိမ်မြို့၊ တာဝတိံသာလမ်း၊ အမှတ်(၃၇)နေ ဦးမြတ်မင်း ၁၄/ပသန (နိုင်) ၁၉၅၃၃၀၏သား စိန်ဂွန်းကိုယ်ပိုင် အထက်တန်းကျောင်း Grade-9 မှ မောင်ပြည့်စုံဘုန်းသစ်အား မောင်မြတ်ဘုန်းပြည့်ဟုလည်းကောင်း၊ Grade-5မှ မောင်ဘုန်းသစ်ဟိန်းကျော်အား မောင်အုံ့သြအောင်ဟုလည်းကောင်း ယနေ့မှစ၍ ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်မြတ်ဘုန်းပြည့်**
**မောင်အုံ့သြအောင်**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ ရွှေကူရပ်ကွက်၊ အကွက်အမှတ် (၅)၊ အကွက်အမည်- ရွှေကူကွက်၊ ဦးပိုင်အမှတ်-၄၀၉၊ ဧရိယာ (၀.၀၃၉)ဧက အနက်မှ (၀.၀၁၃)ဧက မစုအိန္ဒြာလှိုင်မှ ဘိုးဘွားပိုင်အမှုတွဲအမှတ်(၁၆/ဘိုးဘ/၂၀၂၄) ဖြင့် လျှောက်ထားလာသည့်အကွက် အမည်ပြောင်းလဲပေးမည်ဖြစ်ပါ၍ ကန့်ကွက်သူရှိပါက ၂၀၂၄-ခုနှစ်၊ ဧပြီလ ၁၀ရက်မတိုင်မီ အထောက်အထားစုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**မစုအိန္ဒြာလှိုင်**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်းကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ နောက်လယ်ရပ်၊ (၁၁)လမ်း၊ အိမ်အမှတ် -၄၇၇နေ (ဘ)ဦးကာစင်၏သမီး ဒေါ်ခင်အုန်းတင့် ၆/မအရ(နိုင်)၀၅၂၁၉၃မှ (ဘ) ဦးအိုစင်၏သား ဦးဘိုနီ ၆/မအရ(နိုင်)၀၈၃၅၄၇ထံသို့ ၁၇-၈-၂၀၁၂ရက်တွင် မြိတ်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ လွှဲအပ်ထားသော အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် ၂၅၅/၂၀၁၂အား ဤကြော်ငြာပါသည့်ရက်မှစ၍ ရုပ်သိမ်းလိုက်ပြီ ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်အုန်းတင့်**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## ထားဝယ်ခရိုင်
## (၁/၂၀၂၄-၂၀၂၅)အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လမ်းဦးစီးဌာန၊ ထားဝယ်ခရိုင်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု/တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား/အဆောက်အအုံ လုပ်ငန်းများတွင် အသုံးပြုရန် လိုအပ်သော စံချိန်စံညွှန်းမီ အရည်အသွေးပြည့်ဝသော တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသောကြောင့် စိတ်ပါဝင်စားသော ကုမ္ပဏီနှင့် လုပ်ငန်းရှင်များအား လာရောက်ယှဉ်ပြိုင် တင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာ၍ ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - | (၂၂-၄-၂၀၂၄)ရက် (ရုံးချိန်အတွင်း) |
| **တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန်** | - | (၁၀-၅-၂၀၂၄)ရက် မွန်းလွဲ ၂နာရီ |
| **တင်ဒါဖွင့်ပွဲကျင်းပမည့် နေ့/အချိန်** | - | (၁၄-၅-၂၀၂၄)ရက် နံနက် ၉:၃၀နာရီ |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** | - | ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့ |

တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဆက်သွယ်စုံစမ်းနိုင်သည့် ဖုန်းနံပါတ်များ- ၀၅၉-၂၁၀၂၃၊ ၀၉-၄၀၀၄၇၅၉၉၆၊ ၀၉-၄၂၁၇၂၄၅၆၁

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၁/ဝန်ထမ်းအိမ်ရာအကွက်)၊ ဦးပိုင်အမှတ်(၁၀)၊ ဧရိယာ(၀ဒသမ၀၅၆)ဧကရှိ မြေကွက်သည်မူလက ဗိုလ်မှူးကြီး သန်းအောင်အမည်ဖြင့်နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဗိုလ်မှူးကြီးသန်းအောင်(တရားရုံးဖြစ်သူ ဦးသန်းအောင်ကိုယ်စား မြဝတီခရိုင်တရားရုံးမှ ဘီလစ်စာရေးကြီး ဒေါ်အိသဇင်) ထံမှ ဒေါ်ဥမ္မာသင်း ၁၂/အစန(နိုင်) ၁၈၃၇၁၉က (၉-၁၁-၂၀၂၃)ရက်စွဲပါ စာအမှတ်(၇၆/၂၀၂၃)အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး မြေငှားဂရန်အမည်ပြောင်း လျှောက်ထားလာမှုအပေါ် ကန့်ကွက်တင်ပြသူမည်သူမဆို ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

